# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၃၁၃)


### မမေ့မလျော့ခြင်း

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သောသူတို့သည် သေသည် မမည်ကုန်၊ မေ့လျော့သော သူတို့သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁၇၂ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်**
**(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)**
**ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လတ်တလောဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ဟန့်တား၊ ထိန်းချုပ်၊ ကာကွယ်ကုသနိုင်ရန်အတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကြောင့် ရုံးထုတ်စစ်ဆေးနိုင်ခြင်း မရှိသဖြင့် ချုပ်ရက်ရှည်ကြာနေသည့် တရားခံများကို ထောက်ထားညှာတာသည့်အတွက်လည်းကောင်း သတ်မှတ်ထားသည့် ပြစ်မှုများကို အမှုမှလွှတ်ရန် ၂၀-၇-၂၀၂၂ ရက်စွဲပါ အမိန့်အမှတ် ၁၄၇/၂၀၂၂ ကို ထုတ်ပြန်၍ အမှုမှလွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ဆက်လက် ဟန့်တား၊ ထိန်းချုပ်၊ ကာကွယ်ကုသနိုင်ရန်နှင့် ကျန်ရှိနေသည့် ချုပ်ရက်ရှည်ကြာနေသော တရားခံများကို သတ်မှတ်ချက်များနှင့်အညီ သက်ညှာစွာဖြင့် အမှုပိတ်သိမ်းပေးနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါပြစ်မှုများ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပါ ပြစ်မှုများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပါ ပြစ်မှုများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ❄

*စာမျက်နှာ ၃ ကော်လံ ၁*

## အာရှပစိဖိတ်ဒေသနိုင်ငံများရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ သံရုံးအကြီးအကဲများကို လက်ရှိဖြစ်ပေါ်တိုးတက်လျက်ရှိသော နိုင်ငံရေးအခြေအနေများနှင့် ဆောင်ရွက်ချက်များ အသိပေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က အာရှပစိဖိတ်ဒေသနိုင်ငံများရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ မြန်မာသံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးအကြီးအကဲများကို လက်ရှိဖြစ်ပေါ်တိုးတက်လျက်ရှိသော နိုင်ငံရေးအခြေအနေများနှင့် ဆောင်ရွက်ချက်များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အသိပေးရှင်းလင်းခြင်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ *စာမျက်နှာ ၄ ကော်လံ ၁* ✻






# မိဘပြည်သူများထံသို့ တိုက်တွန်းနှိုးဆော်ချက်

■ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ယခုလတ်တလော Coronavirus Disease 2019 (COVID-19) ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှုန်းမှာ တိုးတက်မြင့်မားလျက်ရှိပါသည်။

■ မြန်မာသက္ကရာဇ် ၁၃၈၃ ခု၊ ဝါဆိုလဆန်း ၅ ရက်၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ အကျိုးတော်ဆောင်ဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်ကြီးများက လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019(COVID-19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရတနသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူပေးခဲ့ပါသည်။

■ ထို့အတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ) ကလည်း လတ်တလော ဖြစ်ပွားနေသော Coronavirus Disease 2019 (COVID-19) ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်မှ ကင်းဝေးစေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီးတွင် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်စေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် သံဃနာယကအဖွဲ့များက မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားဆောင်ရွက်ရန် အဆင့်ဆင့် အကြောင်းကြား လျှောက်ထားပြီး ဖြစ်ပါသည်။

■ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင်ရှိသော မိဘပြည်သူများအနေဖြင့် လတ်တလောဖြစ်ပွားနေသော Coronavirus Disease 2019 (COVID-19) ကမ္ဘာ့ ကပ်ရောဂါ အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ရတနသုတ် ပရိတ်တရားတော်ကို မိမိနေအိမ်တွင် နေ့စဉ်ရွတ်ဖတ်ပူဇော်နိုင်ကြပါရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၁၁

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ)တွင် ၄ ဒသမ ၂၅ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ပင်လည်ဘူးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၂ ဒသမ ၄၄ လက်မစီ၊ မိုးညှင်းမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ပိုင်ကျုံမြို့တွင် ၂ ဒသမ ၀၀ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၁ ဒသမ ၈၉ လက်မနှင့် နမ့်စန်မြို့တွင် ၁ ဒသမ ၆၁ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၁၁

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၂၇)ကို ဩဂုတ် ၁၃ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၂၇)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် မေသော်လဝန်းတို့က တင်ဆက်ကြမည် ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည် ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် ( ၁၃၊ ၁၄၊ ၁၅ )ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်းသိရသည်။




သတင်းစဉ်

## ဝသာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဩဂုတ် ၁၁

ဝသာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၁၁)ကို ဩဂုတ် ၁၃ ရက် သောကြာနေ့ ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို ကမ္ဘာ့ဒြာတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် စိုးအောင် (ကောင်းကင်ပြာ)၊ ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ ဘုန်းသစ်၊ သက်မှူးခင်၊ နေခြည်၊ နန်းစန္ဒီ ခင်လပြည့်ဝန်းနှင့် ဘိုမတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။ ထို့သို့ တင်ဆက်မှုကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

မြန်မာ့အလင်း

# ကပ်ရောဂါနှင့် လူကုန်ကူးပြဿနာ

လူကုန်ကူးမှုသည် လူအချင်းချင်း စာနာထောက်ထားမှုကင်းမဲ့စွာဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သည့် ရာဇဝတ်မှုဖြစ်သလို လူ့အခွင့်အရေး ချိုးဖောက်မှုလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းမှာ စီးပွားရေးနိမ့်ကျမှု၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့်ဖြစ်သည်။ ထို့ပြင် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ကြရာမှဖြစ်စေ၊ တရားမဝင် နယ်စပ်ဖြတ်ကျော်သွားလာရာမှဖြစ်စေ လူကုန်ကူးခံကြရသည့်ဖြစ်စဉ်များလည်း ရှိခဲ့သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာရုံး (UNODC) က ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လူကုန်ကူးခံရသူ အရေအတွက် များပြားလာကြောင်း၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံလည်းပါဝင်ပြီး လူကုန်ကူးခံရသူများတွင် အမျိုးသား ၂၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၈ ရာခိုင်နှုန်း၊ ယောကျ်ားလေး ၄ ရာခိုင်နှုန်း၊ မိန်းကလေး ၁၉ ရာခိုင်နှုန်းပါဝင်ကြောင်း၊ လူကုန်ကူးမှု အမျိုးအစားအနေဖြင့် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု ၆၀ ရာခိုင်နှုန်း၊ လုပ်အားခေါင်းပုံဖြတ်မှု ၃၈ ရာခိုင်နှုန်း၊ အခြားလူကုန်ကူးမှု ၂ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့်စင်ကာပူနိုင်ငံတို့တွင် အမျိုးသမီးလူကုန်ကူးခံရမှု အများအပြားကို စိစစ်ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က လူကုန်ကူးမှုကျူးလွန်သူ အမျိုးသမီးတရားခံများကို အများဆုံး တရားစွဲတင်ပြစ်ဒဏ်ချနိုင်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် လူကုန်ကူးမှုအမျိုးအစားများမှာ အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကလေးသူငယ်လူကုန်ကူးခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့စေခိုင်းခြင်းဟူသည့် ပုံစံ(၅)မျိုးဖြစ်ရာ ပြစ်မှုကျူးလွန်ခံရသည့် သားကောင်များမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များက ရာခိုင်နှုန်း များပြားသကဲ့သို့ ပြစ်မှုကျူးလွန်သူများကလည်း အမျိုးသမီးများက ပိုမိုများပြားနေသည်ကို တွေ့ရမည်ဖြစ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ချဉ်းကပ်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အယုံသွင်း၍ လှည့်ဖြားခေါ်ဆောင်ခြင်းတို့ကို မိန်းမများကသာ အလွယ်တကူပြုလုပ်နိုင်သည့်အလျောက် ပြစ်မှုကျူးလွန်သူ တရားခံများတွင် အမျိုးသမီးများက ပိုမိုများပြားနေခြင်း ဖြစ်သည်။ တစ်ခါတစ်ရံတွင် ဆွေမျိုးအရင်းအချာများနှင့် မိသားစုဝင်များကိုယ်တိုင်သည်ပင် ငွေကြေးလောဘရမ္မက်ကြောင့် ပြစ်မှုကျူးလွန်သူများဖြစ်နေတတ်သည်။

ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု နှစ်ရှည်လများကြာမြင့်လာသည်နှင့် အမျှ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် စီးပွားရေး၊ လူမှုရေးကဏ္ဍများ စသည်တို့၌ ထိခိုက်မှုများဖြစ်ပေါ်လာသည်။ မိမိတို့ နိုင်ငံကဲ့သို့သော စီးပွားရေးအရ အင်အားနည်းသည့်နိုင်ငံတွင် ဝင်ငွေနည်း လုပ်အားစားတို့မှာ ပို၍ ထိခိုက်ခံစားကြရပြီး အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အဖို့ လူကုန်ကူးသူတို့၏ သားကောင်ဘဝ ကျရောက်သွားရန် အလားအလာပိုမိုများပြားလာသည်ဟု ရှုမြင်မိသည်။ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများ ရေးဆွဲပြီး အင်တိုက်အားတိုက် အကောင်အထည်ဖော်လျက်ရှိရာ ကိုဗစ်အလွန်ကာလတွင် ဖြစ်လာနိုင်ဖွယ်ရှိသည့် လူကုန်ကူးမှုဆိုင်ရာ ပြဿနာများအတွက်လည်း ကြိုတင်မျှော်တွေးကာ ပညာပေး လုပ်ငန်းများ၊ ထောက်ပံ့ကူညီရေးလုပ်ငန်းများ၊ ဝင်ငွေရရှိရေး အလုပ်အကိုင်ပေးမှုများဖြင့် ဝင်ငွေနည်းမိသားစုများမှ အမျိုးသမီးနှင့် မိန်းကလေးငယ်များအား ပိုမိုစောင့်ရှောက်လာနိုင်ကြပါစေကြောင်း။ ။

## ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး

**နိုင်ငံစီးပွားရေးတိုးတက်ရေးအတွက် သမာအာဇီဝနည်းဖြစ်သည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးခြင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်ရန်အတွက် ဈေးကွက်လိုအပ်ချက်ရှိသည့်ပစ္စည်း၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းဖြစ်ရန်လိုကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များ နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၃/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❄ *ရှေ့ဖုံးမှ*

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပါပြစ်မှုများ(အမိန့်အမှတ် ၁၄၇/၂၀၂၁ ၏ အပိုဒ် ၂(စ) နှင့်(ဆ)ပါပြစ်မှုများမပါ)၊ မတရားအသင်းအက်ဥပဒေပါ ပြစ်မှုများ၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊ အကြည်အညိုပျက်အောင်ပြုလုပ်မှု {ရာဇသတ်ကြီးပုဒ်မ ၁၂၄(က)} အရ စွဲဆိုထားသောအမှုများ၊ ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေးအမှုများ၊ တရားရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆိုထားသောအမှုများ၊ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက လုံလောက်သော အကြောင်းပြချက်ဖြင့် ပိတ်သိမ်းခြင်းမပြုသင့်ကြောင်း ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မတိုင်မီ သက်ဆိုင်ရာ တရားရုံးတွင် လျှောက်ထားသည့် အမှုများမှအပ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ယင်းနေ့မတိုင်မီ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တရားရုံးများတွင် စွဲဆိုခံရပြီး ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုအားလုံးကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရမည်။

၃။ သို့ရာတွင် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ဦးဦးအား ထိခိုက်နစ်နာစေသည့်ပြစ်မှု၊ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူပုဂ္ဂိုလ်များ၏ ငွေကြေး သို့မဟုတ် ပစ္စည်းဆုံးရှုံးနစ်နာစေသည့် ပြစ်မှုများနှင့် စပ်လျဉ်း၍ ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှုကိုပိတ်သိမ်းခြင်း မပြုလိုကြောင်း ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာ တရားရုံးတွင် လျှောက်ထားခြင်းမရှိမှသာ အဆိုပါအမှုကို ပိတ်သိမ်း၍ တရားခံအား လွှတ်ရမည်။ ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှုပိတ်သိမ်းခြင်း မပြုလိုကြောင်း လျှောက်ထားသည့်အခါ သက်ဆိုင်ရာ တရားရုံးသည် ရောက်ရှိသည့်အဆင့်မှစ၍ အမှုကို ဆက်လက်စစ်ဆေးရမည်။ ကိုယ်တိုင်ထိခိုက်နစ်နာသူဆိုသည်မှာ နစ်နာသူကိုယ်တိုင်၊ နစ်နာသူ၏ တရားဝင် ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့ကိုသာဆိုသည်။ နစ်နာသူ အိမ်ထောင်မရှိပါက နစ်နာသူကိုယ်တိုင်နှင့် နစ်နာသူ၏ မိဘ၊ မောင်နှမများကိုဆိုသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# ပန်းခင်းစီမံချက် အောင်မြင်ရေးအတွက် ကန့်သတ်ချက်၊ အဟန့်အတားများကို နည်းလမ်းရှာကြံကျော်လွှားဖြတ်သန်း၍ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်မည်

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံသားတစ်ဦး၏ တရားဝင်ရပ်တည်ပိုင်ဆိုင်နိုင်ခွင့်နှင့် နောင်လာမည့် ရွေးကောက်ပွဲတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်အားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်မဲပေးနိုင်ရန် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် နိုင်ငံအတွက် အလွန်အရေးကြီးသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး အချိန်ကာလကန့်သတ်ချက်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည့် ပန်းခင်းစီမံချက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အစည်းအဝေးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောကြားသည်။ (ယာပုံ)





### နည်းလမ်းများကို ကြိုတင်ချပြညှိနှိုင်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယင်းလုပ်ငန်းစဉ်အတွက် ပန်းခင်းစီမံချက်ရေးဆွဲကာ ၂၀၂၁ ခုနှစ် မေလမှ စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း ကိုဗစ်-၁၉ ကန့်သတ်ချက်များအပါအဝင် အခြားကန့်သတ်ချက်များကြောင့် လုပ်ငန်းနှောင့်နှေးမှုများ ရှိနေပါကြောင်း၊ ကန့်သတ်ချက်များမည်သို့ပင်ရှိစေကာမူ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မြင်အောင် တွန်းအားပေးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယခုပန်းခင်းစီမံချက်သည် မိမိတို့ဌာနက တာဝန်ယူဆောင်ရွက်နေသော်လည်း နိုင်ငံတော်စီမံချက်ဖြစ်သည့်အတွက် ဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ကို သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ရှင်းလင်းချပြပြီး တပ်မတော်အပါအဝင် ဒေသတွင်း အဖွဲ့အစည်းများအတွင်း ဆောင်ရွက်ပေးရမည့် လုပ်ငန်းပမာဏ၊ အရေအတွက်များပြုစု၍ ဆောင်ရွက်ပေးမည့် နည်းလမ်းများကို ကြိုတင်ချပြညှိနှိုင်းဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### တတ်နိုင်သမျှ နည်းလမ်းများရှာ

ယင်းလုပ်ငန်းစဉ်သည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝခံစားရရှိစေရေးအတွက် ဆောင်ရွက်ပေးသည့် လုပ်ငန်းဖြစ်သည်ကို သိရှိနားလည်ကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ မပြုလုပ်ရသေးသူများအနေဖြင့် နိုင်ငံသားကတ်၏ အသုံးဝင်ပုံ၊ မဖြစ်မနေ ပြုလုပ်ရမည့် ကတ်ပြားဖြစ်မှု၊ မည်ကဲ့သို့ ဆောင်ရွက်ရမည်တို့ကို သိရှိနားလည်ပြီး ကာယကံရှင်များကိုယ်တိုင် မဖြစ်မနေပူးပေါင်း ဆောင်ရွက်လာကြမည် ဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်သည့် ပန်းခင်းစီမံချက်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ငန်းပမာဏသတ်မှတ်ချက်နှင့် ကာလကန့်သတ်ချက်အရ မဖြစ်မနေ ပြီးစီးအောင် ဆောင်ရွက်ကြရမည့် စီမံချက်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်အစိုးရအနေဖြင့် အရေးပေါ်ကာလပြဋ္ဌာန်းချက်များအရ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းဆောင်ရွက်နေချိန်တွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရာ၌ အဓိကကျသည့် ဆောင်ရွက်ချက်ဖြစ်သည့် မဲဆန္ဒရှင်အားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်မဲပေးနိုင်ကြမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါအပါအဝင် အခြားသော ကန့်သတ်ချက်အမျိုးမျိုး၊ အဟန့်အတားအမျိုးမျိုးကို တတ်နိုင်သမျှ နည်းလမ်းများရှာကြံကာ ကျော်လွှားဖြတ်သန်း၍ သတ်မှတ်ကာလအတွင်း ပန်းခင်းစီမံချက် ပြီးစီးအောင်မြင်ရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏနှင့် လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

### အနာဂတ်နိုင်ငံတော်အတွက် အရေးပါ

ယင်းနောက် ဒုတိယဝန်ကြီးဦးဌေးလှိုင်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပန်းခင်းစီမံချက်သည် အနာဂတ်နိုင်ငံတော်အတွက် အရေးပါပြီး မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံတော်စီမံချက်ဖြစ်သည်နှင့်အညီ မိမိတို့ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းအားလုံးက တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Enchanting Myanmar Health and Safety Protocol Website မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနား Video Conferencing စနစ်ဖြင့် ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဘေးကင်းလုံခြုံသော ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် အသိအမှတ်ပြုလက်မှတ်များ Online မှတစ်ဆင့် လျှောက်ထားအတည်ပြု ထုတ်ပေးနိုင်ရေးအတွက် “Enchanting Myanmar Health and Safety Protocol” Website မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည်။ (ယာပုံ)




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က မြန်မာနိုင်ငံ ခရီးသွားကဏ္ဍကို ဆိုးရွားစွာ ထိခိုက်စေခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် ဝန်ကြီးဌာနမှ ရေးဆွဲထားသော မြန်မာနိုင်ငံခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံ (Myanmar Tourism Strategic Recovery Roadmap-MTSRR) ၏ လတ်တလော ဦးစားပေးဆောင်ရွက်ရမည့် အခန်းကဏ္ဍတွင် “မြန်မာနိုင်ငံကို ဘေးကင်းလုံခြုံသော ခရီးစဉ်ဒေသတစ်ခုအဖြစ် စိတ်ချယုံကြည်မှုများ ဖြစ်ပေါ်လာစေရန်နှင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်” သည် ပထမဦးစားပေး မဟာဗျူဟာတစ်ရပ်အနေဖြင့် ပါရှိကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား COVID-19 Safe Service အသိအမှတ်ပြုတံဆိပ်များ စနစ်တကျ သတ်မှတ်ပေးအပ်နိုင်ရန်နှင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်ကို မြှင့်တင်ပေးရန်အတွက် “Enchanting Myanmar Health and Safety Protocol” အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်ကို ပြုစုရေးဆွဲခဲ့ပါကြောင်း။

ယခုအခါ ယင်းအစီအစဉ်ပါ အဆင့် (၃) ဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သည့် “Enchanting Myanmar Health and Safety Protocol” Website တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသွားကဏ္ဍများတွင် လက်တွေ့ပါဝင်လုပ်ကိုင် ဆောင်ရွက်နေကြသူများအားလုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေးအတွက် ယနေ့ Website မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဒေသအသီးသီးရှိ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေကြသူများအား ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းများကို မိမိတို့ဝန်ထမ်းများအားလုံး ပါဝင်တက်ရောက်နိုင်ရေး စည်းရုံးဆောင်ရွက်ကြရန် လိုကြောင်း၊ Website အကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ရန်နှင့် Website တွင် ပါဝင်မှတ်ပုံတင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က “Enchanting Myanmar Health and Safety Protocol” အစီအစဉ်နှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအား အသေးစိတ်ဆွေးနွေးတင်ပြခဲ့ကာ Secure Link Co.,Ltd ၏ Managing Director ဦးထွန်းထွန်းဝင်းက “Enchanting Myanmar Health and Safety Protocol” Website အကြောင်း မိတ်ဆက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အာရှပစိဖိတ်ဒေသနိုင်ငံများရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ မြန်မာသံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးအကြီးအကဲများကို လက်ရှိဖြစ်ပေါ်တိုးတက်လျက်ရှိသော နိုင်ငံရေးအခြေအနေများနှင့် ဆောင်ရွက်ချက်များကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အသိပေးရှင်းလင်းခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

*ရှေ့ဖုံးမှ*

ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ သံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့က လက်ရှိနိုင်ငံရေး အခြေအနေများနှင့် ဆောင်ရွက်ချက်များ၊ (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပခဲ့ခြင်းနှင့် အစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်များကို အသိပေးရှင်းလင်းပြောကြား၍ လိုအပ်သည်များမှာကြားသည်။

ထို့နောက် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ သံအမတ်ကြီးများ၊ အမြဲတမ်းကိုယ်စားလှယ်များ၊ ကောင်စစ်ဝန်ချုပ်များနှင့် သံရုံးယာယီတာဝန်ခံများ၏ မေးမြန်းချက်များ၊ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

နေပြည်တော် ကောင်စီနယ်မြေအတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးတင်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ရဲမှူးကြီး ကိုကိုလွင်၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် အဖွဲ့ဝင်များ၊ ဒက္ခိဏခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက နေပြည်တော် ကောင်စီ နယ်မြေအတွင်း ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများ အခြေအနေနှင့် လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြပြီး နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်၊ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းပြောကြားရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နေပြည်တော်(ပြန်/ဆက်)**



## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

# တတိယအကြိမ် ရုရှား - မြန်မာ အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးနှင့် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးမှုအစီအစဉ် ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အကြံပြုညှိနှိုင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

**၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပရန်လျာထားသည့် တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးနှင့် နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးမှုအစီအစဉ်ကို စက်တင်ဘာလအတွင်း ကျင်းပနိုင်ရေးတို့အတွက် နှစ်ဖက်ညှိနှိုင်း စီစဉ်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးကောင်စစ်ဝန် ဖြစ်သူ Mr. Andrei Iunak တို့က ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။** (ယာပုံ)




ထိုသို့ဆွေးနွေးရာတွင် ဒုတိယဝန်ကြီးက ၂၀၂၁ ခုနှစ် ဇွန်လ စတုတ္ထရက်သတ္တပတ်အတွင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ နိုင်ငံတော် ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်အတွင်း ဆွေးနွေးညှိနှိုင်းခဲ့သည့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်မည့် အခြေအနေနှင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပရန် လျာထားသည့် တတိယအကြိမ် ရုရှား-မြန်မာ အစိုးရ အချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး ပူးတွဲကော်မရှင်အစည်းအဝေးနှင့် စက်တင်ဘာလအတွင်း ပြုလုပ်မည့် နှစ်ဖက်စီးပွား ရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးမှု အစီအစဉ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက် သွားမည့် ဦးစားပေးနယ်ပယ်များ အပါအဝင် အဆိုပါ အစည်းအဝေးများသို့ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအစုံမှ တာဝန်ရှိသူများ တက်ရောက်နိုင်ရန် ဖိတ်ကြား ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးကောင်စစ်ဝန် Mr. Andrei Iunak က နှစ်နိုင်ငံအကြား တတိယအကြိမ် ကော်မရှင် အစည်းအဝေးနှင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင် များအချင်းချင်း တွေ့ဆုံဆွေးနွေးမှုအစီအစဉ်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံဘက်မှ ပြင်ဆင်ဆောင်ရွက် နေမှုအခြေအနေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာ နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အဓိက စိတ်ဝင်စား သည့် နယ်ပယ်များနှင့်သက်ဆိုင်ရာ ရုရှားစီးပွားရေး လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး ကြိုတင် ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေး ပြောကြားသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန တာဝန်ရှိသူ များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အာရှဒေသဆိုင်ရာ ကုန်သည်နှင့် စက်မှုလုပ်ငန်း စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုကော်မတီ၏ ဒုတိယအကြီးအကဲ Professor Mr. Vadim Saltykoskiy တို့လည်း ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လှိုင်သာယာနေ ပြည်သူများအတွက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှုန်းဖြင့် ဆန်အိတ်တစ်သိန်းကျော် ထောက်ပံ့

**ရန်ကုန် ဩဂုတ် ၁၁**

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသ ကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ တိုင်းဒေသကြီး ခရိုင်လေးခုရှိ အခြေခံ လက်လုပ်လက်စား ပြည်သူတို့အတွက် ဆန်များ ဆက်လက် ထောက်ပံ့လျက်ရှိ ကြောင်း သိရသည်။



မြောက်ပိုင်းခရိုင်နှင့် တောင် ပိုင်းခရိုင်ရှိ အခြေခံပြည်သူတို့ကို ထောက်ပံ့ရာ၌ မြောက်ပိုင်း ခရိုင်တွင် လူဦးရေများသော လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ ကို ဦးစွာထောက်ပံ့ခဲ့ပြီး ယနေ့တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် အနောက်ပိုင်းမြို့နယ်ရှိ အခြေခံ ပြည်သူတို့ကို တစ်အိမ်ထောင် လျှင် ဆန်တစ်အိတ်(၂၄ ပြည်)နှုန်း ဖြင့် ပေးဝေခဲ့ခြင်းဖြစ်သည်။

“အခုလို ကိုဗစ်-၁၉ ရောဂါ ကြုံတွေ့နေရချိန်မှာ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး စားဝတ်နေရေး ခက်ခဲ နေတဲ့ အခြေခံပြည်သူတွေကို လာရောက် ထောက်ပံ့မှုအပေါ် အထူး ကျေးဇူးတင်ပါတယ်။ နောက်ပိုင်း ထပ်မံထောက်ပံ့မှု တွေ လုပ်ဆောင်နိုင်မယ်ဆိုရင် လက်လုပ်လက်စား အခြေခံ ပြည်သူတွေရဲ့ စားရေးပြေလည် သွားမှာဖြစ်တဲ့အတွက် ကျွန်တော် တို့လည်း ဝမ်းသာပီတိ ဖြစ်ရပါ တယ်”ဟု မြောက်ပိုင်းခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က ပြောသည်။

မြောက်ပိုင်း ခရိုင်အတွင်းရှိ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည် သာမြို့နယ်တို့တွင် ပထမအကြိမ် ထောက်ပံ့မှု၌ ရပ်ကွက်/ကျေးရွာ အုပ်စု ၁၂ ခုရှိ အိမ်ထောင်စု ၄၉၄၇၇ စုမှ လူဦးရေ ၁၃၀,၀၀၀ ကျော်အတွက် ဆန်အိတ် ၂၀၀၀၀ ကျော်ကိုလည်းကောင်း၊ ဒုတိယ အကြိမ် ထောက်ပံ့မှုတွင် ရပ်ကွက်/ ကျေးရွာအုပ်စု ၁၆ ခုရှိ အိမ်ထောင်စု ၇၇၀၀၀ ကျော်မှ လူဦးရေ ၂၀၀၀၀၀ ကျော်အတွက် ဆန်အိတ် ၃၈၀၀၀ ကျော်ကို လည်းကောင်း၊ ဇူလိုင် ၂၀ ရက်က စတင်၍ ထောက်ပံ့ခဲ့သော တတိယ အကြိမ်မြောက်တွင် ရပ်ကွက်/ ကျေးရွာ အုပ်စု ၁၄ ခုရှိ အိမ်ထောင်စု ၅၀၀၀၀ ကျော်မှ လူဦးရေ ၂၃၀၀၀၀ ကျော်အတွက် ဆန်အိတ် ၅၀၀၀၀ ကျော်ကို လည်းကောင်း ထောက်ပံ့ခဲ့ရာ ဩဂုတ် ၁၁ ရက်အထိ ရပ်ကွက်/ ကျေးရွာအုပ်စု ၂၈ ခုရှိ အိမ်ထောင်စု ၁၇၀၀၀၀ ကျော်မှ လူဦးရေ ၃၀၀၀၀၀ ကျော်အတွက် ဆန်အိတ်ပေါင်း ၁၀၀၀၀၀ ကျော် ကို ထောက်ပံ့ခဲ့သည်။

“ဆင်းရဲနွမ်းပါးတဲ့ လက်လုပ် လက်စား အခြေခံပြည်သူတွေကို ဆန်ထောက်ပံ့တာပါ။ အဆောင် နေထိုင်တဲ့သူတွေတော့ မပါပါဘူး။ ယခင်က နှစ်အိမ်ထောင် ဆန် တစ်အိတ်ဝေခဲ့တာ တတိယ အကြိမ်မှာတော့ တစ်အိမ်ထောင် ဆန်တစ်အိတ် ထောက်ပံ့ပါတယ်။ WFP ကလည်း ဆက်ပြီးထောက်ပံ့ နိုင်အောင် ကြိုးစားနေတယ်လို့ သိရပါတယ်။ အခြေခံပြည်သူတွေ လက်ထဲ ရောက်ရှိအောင်နဲ့ စားဝတ်နေရေး ပြေလည်အောင် ရပ်/ ကျေး အုပ်ချုပ်ရေးအဖွဲ့တွေ ကိုဗစ်-၁၉ စည်းကမ်းနဲ့အညီ လုပ်ဆောင်ကြဖို့ ကြပ်မတ်ဆောင် ရွက်ပါတယ်။ ဒီထိ အိမ်ထောင်စု ၅၆၇၁၁စု အတွက် ဆန်အိတ် ပေါင်း ၄၁၄၀၄ အိတ် ထောက်ပံ့ ပြီးပါပြီ။ ဆက်လက်ထောက်ပံ့ သွားဖို့လည်း ရှိပါတယ်” ဟု လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က ပြောသည်။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ် ရိက္ခာအစီအစဉ်(WFP)မှ တောင် ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များရှိ လက်လုပ်လက်စား အခြေခံပြည်သူ များကိုလည်း ဆန်များထောက်ပံ့ လျက်ရှိပြီး မြောက်ပိုင်းခရိုင် အတွင်းရှိမြို့နယ်ပေါင်း ရှစ်မြို့နယ် မှ ကျန်ရှိသော မြို့နယ်များကို လည်း ဆက်လက်ထောက်ပံ့သွား မည်ဖြစ်ရာ လှိုင်သာယာ (အရှေ့ ပိုင်း) မြို့နယ်နှင့် အနောက်ပိုင်းမြို့ နယ်တို့တွင် လက်လုပ်လက်စား အခြေခံပြည်သူ အိမ်ထောင်စု ၃၀၀၀၀၀ ကျော် စာရင်းကောက် ယူထားသောကြောင့် ကျန်ရှိသော အိမ်ထောင်စုများကိုလည်း ဆက် လက် ထောက်ပံ့သွားမည်ဖြစ် ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ-ကနူး**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်လက်ဖြန့်ဝေလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၁

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ် ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာ များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်- ၁၀၀၀) သို့ အောက်ဆီဂျင် အလုံး ၂၀ ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ရှစ်လုံးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပြည်သူ့ဆေးရုံ ကြီးသို့ မိဘဂုဏ်အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင် အိုး အလုံး ၉၀ ကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သား များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြ သည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ တပ်မတော် (ရေ) သီလဝါအောက်ဆီဂျင်စက်ရုံ၌ တည်ဆောက်ပြီးစီးသည့် KZO-100 အမျိုးအစား Oxygen Plant မှ အောက်ဆီဂျင်ထုတ်လုပ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်သူ့ ဆေးရုံကြီး (ခုတင်- ၅၀၀) ဝင်းအတွင်းရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်နေမှုနှင့် အောက်ဆီဂျင်စက်ရုံ အဆောက်အအုံ အသစ် တည်ဆောက်နေမှုများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ အလယ်ပိုင်းရပ်ကွက် မြို့နယ် ကြက်ခြေနီအသင်းခွဲရုံး၌ Oxygen Plant စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်နေမှုများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခြောက်လတာ ခရီးမှတ်တိုင်

**ကနောင်**

**ဇူလိုင်လကုန် နံနက်ခင်းသည် မိုးစက်ပွင့်တို့ဖြင့် အလှဆင်ထားသည်။ ရပ်ကွက်ရုံးအချို့၊ စုရပ်အချို့တွင် အသက် ၆၅ နှစ်အထက် အဘိုးအဘွားတို့က စောင့်ဆိုင်းနေကြပြီ။ အမျိုးအကျိုး၊ နိုင်ငံ့အကျိုး၊ ရပ်ရွာအကျိုးအတွက် စေတနာထား ထမ်းရွက်ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၊ ရဟန်း၊ သီလရှင်၊ ဘာသာရေးအသီးသီးမှ ပုဂ္ဂိုလ်များကလည်း ရောက်ရှိနေကြသည်။ "ခါးလေး ထောက်ပေးပါ ခင်ဗျာ"ဟူသော ကာကွယ်ဆေးထိုးနှံပေးသည့် ကျန်းမာရေးဝန်ထမ်း၏ စကားအဆုံးတွင် အဘိုးအဘွားတို့ ငြိမ်သက်စွာ ကာကွယ်ဆေးထိုးနှံရန် အသင့်ဖြစ်နေကြပါပြီ။**

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် – ၁၉ ကို အခြားသော နိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင် တွေ့ကြုံခံစားနေကြရသည်။ ဇူလိုင်လသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးတာဝန်ယူထားသည့် ခြောက်လပြည့်မြောက်သည့်လဖြစ်သကဲ့သို့ ပြည်သူအားလုံးအတွက် ကိုဗစ်–၁၉ တတိယလှိုင်း ပြင်းပြင်းထန်ထန် အရိုက်ခတ်ခံခဲ့ရသည့် လတစ်လလည်းဖြစ်ပါသည်။ နိုင်ငံတော်အစိုးရက ပြည်သူအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိသည်ကိုလည်း မြင်တွေ့ရပါသည်။

CDM ကြောင့် ကျန်းမာရေးဝန်ထမ်းအင်အား နည်းပါးချိန် ရှိသမျှအင်အားကို စုစည်းကာ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ ပရဟိတစေတနာရှင် လုပ်အားရှင်များက ကိုဗစ် – ၁၉ ရောဂါကို ရှေ့တန်းမှ စုပေါင်းကာကွယ်ပေးလျက်ရှိကြသည်။ နိုင်ငံတော်ကလည်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဇူလိုင်လတစ်လတည်းမှာပင် ညှိနှိုင်းအစည်းအဝေးပေါင်း ငါးကြိမ်နှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အစည်းအဝေး တစ်ကြိမ်တို့ဖြင့် အရေးကြီးသည့် မူဝါဒများ ချမှတ်ခြင်း၊ ချက်ချင်းအကောင်အထည်ဖော်ရန်နှင့် ဆုံးဖြတ်ချက်များချမှတ်ရန် ပွင့်လင်းမြင်သာစွာ ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ရုံးများ၊ ကျောင်းများကို အချိန်မီပိတ်ထားလိုက်ခြင်း၊ အောက်ဆီဂျင်လိုအပ်ချက်ကို နည်းလမ်းပေါင်းစုံဖြင့် ဖြည့်တင်းပေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါကုသခြင်းစသည်တို့အတွက် ကွာရန်တင်းစင်တာများ၊ ကိုဗစ်စင်တာများကို ရက်ပိုင်းအတွင်း အမြန်ဆုံးတိုးချဲ့ဖွင့်လှစ်ခြင်း၊ ရောဂါထပ်မံကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည့် အရေးကြီးဆုံး လုပ်ဆောင်ချက်ဖြစ်သည့် ပြည်သူလူထုကို ကာကွယ်ဆေး အမြန်ဆုံးထိုးနှံလွှမ်းခြုံနိုင်ရေး စသည့်လုပ်ဆောင်ချက်များကို တစ်လတာအတွင်း အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့သည်ကို မြင်တွေ့ရပါသည်။



ဇူလိုင် ၁၂ ရက်က ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**နိုင်ငံတော်အကြီးအကဲ၏ တာဝန်ယူဆောင်ရွက်ချက်များ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ Video Message ဖြင့် အမှာစကားပေးပို့ခဲ့ပြီး မြန်မာအမျိုးသမီးများ၏ အစွမ်းအစကို မြှင့်တင်နိုင်စေရေးနှင့် မျိုးဆက်သစ် မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် စွမ်းရည်မြင့်မားရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းကြစေရေး တိုက်တွန်းခဲ့ပါသည်။

ဇူလိုင် ၉ ရက်က ကျင်းပသည့် ပထမအကြိမ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတက်ရောက်၍ အမှာစကားပြောကြားရာတွင် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများမြှင့်တင်ရန်၊ ကုသခြင်း၊ ရောဂါကာကွယ်ခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ရန်နှင့် လူမှုရေးအသင်းအဖွဲ့၊ ပရဟိတစိတ်ရှိသူများနှင့် ပူးပေါင်းအကောင်အထည်ဖော်ရန်တို့ကို မှာကြားဆွေးနွေးခဲ့ပါသည်။ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာနှင့်ပတ်သက်၍ ဘဏ္ဍာငွေသုံးစွဲရာတွင် ကန့်သတ်ချက်ထားခြင်းမရှိဘဲ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားနေသူများအတွက် အောက်ဆီဂျင်လိုအပ်ချက် ဖြည့်ဆည်းရန်၊ ဆေးရုံသို့အချိန်မီရောက်ရှိရန်နှင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ ထိရောက်စွာ အမြန်ဆုံးအကောင်အထည်ဖော်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

ဒုတိယအကြိမ်မြောက် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၂ ရက်တွင် ထပ်မံကျင်းပခဲ့ပြီး ရောဂါကူးစက်မှုသံသယရှိပါက အဆင့်ဆင့်ဆက်သွယ်ဆောင်ရွက်ရန် အစီအမံများကို ပြည်သူလူထုအကြား နားလည်သဘောပေါက်စေရေး၊ ကျန်းမာရေးနှင့်လျော်ညီသည့်နေရာများတွင် သီးသန့်နေထိုင်ကြရေးနှင့် အောက်ဆီဂျင်လိုအပ်မှု၊ ဖြည့်တင်းပေးနေမှုနှင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ပြည့်မီရေး အစီအမံများ ချမှတ်ရေးဆွဲနိုင်ခဲ့ပါသည်။

တတိယအကြိမ်မြောက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၈ ရက်တွင် ကျင်းပခဲ့ရာ၌လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်နှင့် အရပ်ဘက်ဆေးရုံများ၊ နေရာဌာနများ၌ လူဦးရေ ၆၉၀၀၀ ကျော်အတွက် စင်တာ ၁၉၃၄ နေရာခန့် ပြင်ဆင်ထားရှိပြီး ပိုးတွေ့လူနာများနှင့်ပတ်သက်ပြီး နေရာပေါင်း ၁၁၁၄ နေရာတွင် လူဦးရေ ၄၆၀၀၀ ထားရှိနိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်းနှင့် လူစုလူဝေးပြုလုပ်မှု၊ လူအများစုရုံးနေမှု လျော့နည်းလာသည်ကို မြင်တွေ့ရသဖြင့် သတ်မှတ်စည်းကမ်းများ လိုက်နာကြသည့်အတွက် ပြည်သူလူထုကို ကျေးဇူးတင်ရှိကြောင်းပြောကြားသည်။ ထို့နောက် ကိုဗစ်တတိယလှိုင်းကို ရင်ဆိုင်ကျော်ဖြတ်နိုင်ရေး၊ ကူးစက်မှုလျော့ကျနိုင်ရေး၊ ကျန်းမာရေးအပါအဝင် ပြည်သူ့ဝန်ထမ်းများ ရောဂါကူးစက်မှုမဖြစ်ပွားစေရေး၊ ပြည်သူလူထုသို့ ကျန်းမာရေးအသိပညာများကို ထိထိရောက်ရောက်ဖြန့်ကြက်ရောက်ရှိစေရေး၊ ဝေးလံခေါင်ဖျားဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အောက်ဆီဂျင်၊ ဆေးဝါးလိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးနိုင်ရေးအပါအဝင် ပြည်သူများကလည်း ပူးပေါင်းပါဝင်ကြဖို့ လိုအပ်ကြောင်း ထည့်သွင်းညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

စတုတ္ထအကြိမ်မြောက် ကျင်းပသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၃ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင်

*စာမျက်နှာ ၇ သို့*

> **❒ CDM ကြောင့် ကျန်းမာရေးဝန်ထမ်းအင်အားနည်းပါးချိန် ရှိသမျှအင်အားကို စုစည်းကာ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ ပရဟိတစေတနာရှင်လုပ်အားရှင်များက ကိုဗစ် - ၁၉ ရောဂါကို ရှေ့တန်းမှ စုပေါင်းကာကွယ်ပေးလျက်ရှိကြသည်။ နိုင်ငံတော်ကလည်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဇူလိုင်လ တစ်လတည်းမှာပင် ညှိနှိုင်းအစည်းအဝေးပေါင်း ငါးကြိမ်နှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အစည်းအဝေး တစ်ကြိမ်တို့ဖြင့် အရေးကြီးသည့်မူဝါဒများ ချမှတ်ခြင်း၊ ချက်ချင်းအကောင်အထည်ဖော်ရန်နှင့် ဆုံးဖြတ်ချက်များချမှတ်ရန် ပွင့်လင်းမြင်သာစွာ ဆွေးနွေးတိုင်ပင်ခဲ့ကြ**

*စာမျက်နှာ ၆ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက **"တစ်ဖက်က ကျန်းမာရေးဆိုင်ရာ ပုဂ္ဂိုလ်တချို့က လည်း CDM လုပ်ထားတဲ့အတွက်ကြောင့် မလာကြဘူး။ ကျွန်တော်လည်း အကြိမ်ကြိမ်အခါခါ ဖိတ်ခေါ်တယ်။ ခင်ဗျားတို့လာကြပါ။ ဒါလူမှုရေး ကိစ္စဖြစ်တယ်၊ နိုင်ငံ့အရေးကိစ္စဖြစ်တယ်၊ အမျိုးသားရေး ကိစ္စဖြစ်တယ်၊ ကူညီရအောင်ပြောတယ်၊ တချို့လည်း လာကြတာရှိတယ်၊ တချို့လည်း အကြောင်းအမျိုးမျိုးကြောင့် မလာနိုင်တာလည်း ရှိပါတယ်၊ ကျွန်တော်ထပ်ပြီး မေတ္တာရပ်ခံပါတယ်... ဒီဟာနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးဆိုင်ရာ ပုဂ္ဂိုလ်အားလုံး တစ်နိုင်ငံလုံး ပူးပေါင်းဆောင်ရွက်ကြဖို့ ပြောလိုပါတယ်"** ဟု ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းထားသည်ကိုလည်း တွေ့ရှိရပြီး ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို အချိန်အဟုန်မြှင့်ဆောင်ရွက်ရန်အပါအဝင် အခြားအစီအမံများကိုလည်း အဆိုပါအစည်းအဝေး အတွင်း ချမှတ်နိုင်ခဲ့ပါသည်။

ဇူလိုင် ၂၆ ရက်က ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမ အကြိမ် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရောက်ရှိလာသည့် ကာကွယ်ဆေးများအား ဦးစားပေးသတ်မှတ်ချက်များအလိုက် အမြန်ဆုံးထိုးနှံပေးနိုင်ရေး ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ကြရန်အတွက် လမ်းညွှန်မှာကြား၍ အစီအမံများ ချမှတ်ခဲ့ကြကြောင်း သိရှိရပါသည်။ အဆိုပါအစည်းအဝေးတွင် ကိုဗစ်စင်တာများ၊ စမ်းသပ်စစ်ဆေးရေးစင်တာများကို တိုးချဲ့ဖွင့်လှစ်ရန်၊ အောက်ဆီဂျင်လိုအပ်ချက်ပြည့်မီစေရန်၊ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစဉ်များကို နယ်ပယ်များသတ်မှတ်၍ ဦးစားပေးအဆင့်အလိုက် စနစ်တကျထိုးနှံနိုင်ရေးအတွက် အစီအစဉ်များ ချမှတ်နိုင်ခဲ့သည်။

ဇူလိုင် ၂၇ ရက်က ကျင်းပသည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် အာဆီယံအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာတို့တွင် အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှု တိုးတက်အောင်၊ ကာကွယ်ဆေးများ အမြန်ဆုံး ရောက်ရှိအောင်နှင့် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး ပြည်သူများ၏ ကျန်းမာရေးနှင့် အာဟာရပြည့်ဝစေရေးအတွက် လမ်းညွှန်မှာကြားခဲ့ပါသည်။

**နိုင်ငံတကာသို့ သံတမန်ရေးအလေးထားဆက်ဆံ**

အာဆီယံ - ရုရှား နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ဇူလိုင် ၆ ရက်က ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်ရှင်းလင်းပြောကြားရာတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့်အညီ ကြိုးပမ်းရေး၊ ခရီးသွားကဏ္ဍ ပြန်လည်ဖွံ့ဖြိုးမှုမှ စီးပွားရေးပြန်လည်ထူထောင်နိုင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် မိမိတို့နိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်များကိုလည်း ထည့်သွင်းရှင်းလင်းပြောကြားခဲ့ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ MGIMO တက္ကသိုလ်မှ မြန်မာ့ရေးရာကျွမ်းကျင်ပညာရှင် တွဲဖက်ပါမောက္ခ Mrs. Kseniya Alexandrovna Efremova နှင့် ရုရှား - မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Bulochnikov Anatony Mikhainovich တို့ကို တွေ့ဆုံမေးမြန်းခဲ့ပြီး မြန်မာနိုင်ငံရဲ့လက်ရှိနိုင်ငံရေး အခြေအနေအပေါ် သုံးသပ်ချက်များနှင့် နှစ်နိုင်ငံ ချစ်ကြည်ရေးကောင်းမွန်မှု၊ လာမည့်အနာဂတ် လူမှုစီးပွားပေါင်းစည်းမှု အလားအလာအပေါ်တို့ကို သုံးသပ်ဆွေးနွေးခဲ့တာကိုလည်း ပြည်သူတွေသိရှိလာစေရန်အတွက် နိုင်ငံပိုင်မီဒီယာများ၌ ဖော်ပြနိုင်ခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ - အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများအထူးအစည်းအဝေးသို့ ဇူလိုင်လ ၁၄ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက အာဆီယံ၏ ကိုဗစ်-၁၉ ကာကွယ်တိုက်ဖျက်ရေးကြိုးပမ်းမှုနှင့်ပတ်သက်၍ အမေ



နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ရိကန်နိုင်ငံ၏ ကူညီထောက်ပံ့မှုများကို ကျေးဇူးတင်ရှိကြောင်းနှင့် အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (IAI) ကိုလည်း ဆက်လက်ကူညီပံ့ပိုးသွားရန် တိုက်တွန်းပြောကြားခဲ့သည်။

(၁၁)ကြိမ်မြောက် မဲခေါင် - ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဇူလိုင် ၂၁ ရက်က ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပခဲ့ရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်၌ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားနိုင်ခဲ့ပါသည်။ (၅၄) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ အဆင့်မြင့်အရာရှိအစည်းအဝေးများ၊ အာဆီယံ၏ (၂၁) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးစသည့် နိုင်ငံတကာ အစည်းအဝေးများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက တက်ရောက်ခဲ့ကြသည်။

**နိုင်ငံတကာဖိအားများကို တွန်းလှန်ကာကွယ်**

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဇူလိုင်လ ၂ ရက် ရက်စွဲဖြင့် တိကျခိုင်လုံမှုမရှိ၊ အချက်အလက်များအပေါ် စိစစ်မှုမရှိဘဲ ထုတ်ပြန်ပြောဆိုမှုများအတွက် ကန့်ကွက်ကြောင်း သတင်းထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက မြန်မာနိုင်ငံရှိ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အဖွဲ့မှ ရရှိသည့် အတည်မပြုနိုင်သည့် အချက်အလက်များအပေါ် အခြေခံ၍ ဇွန် ၂၉ ရက်က ပြောဆိုခဲ့မှုများအပေါ် ပြင်းထန်စွာကန့်ကွက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် အကြမ်းဖက်အဖွဲ့ NUG ဝက်ဘ်ဆိုက်အား အသိအမှတ်ပြုချိတ်ဆက်ထားခြင်းအပေါ် ကန့်ကွက်ထားပြီး ဖြစ်သကဲ့သို့ ကုလသမဂ္ဂအနေဖြင့် သတင်းထုတ်ပြန်မှုနှင့် ရှင်းလင်းမှုများတွင် တိကျခိုင်လုံမှုမရှိသည့် အချက်အလက်များအပေါ် စိစစ်မှုမရှိ တစ်ဖက်သတ်ပြောဆိုခြင်း မပြုလုပ်ရန်နှင့် ယင်းသို့ မပြုလုပ်မီ သက်ဆိုင်ရာအစိုးရများနှင့် ချိတ်ဆက်အတည်ပြုမှု အထူးလိုအပ်ပါကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၄၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလအတွင်း လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနှင့် မြန်မာနိုင်ငံအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့ နှုတ်ဖြင့်အစီရင်ခံစာတင်သွင်းမှုနှင့် ဆွေးနွေးမှုများသည် သက်ဆိုင်ရာ နိုင်ငံမပါဝင်ဘဲ ပြုလုပ်သည့် အပြန်အလှန်ဆွေးနွေးမှုများနှင့် စိစစ်မှုမရှိဘဲ တစ်ဖက်သတ် ပြောဆိုမှုများသာဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကန့်ကွက်ကြောင်းနှင့် အစီရင်ခံစာ တင်သွင်းသူသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် တိုက်တွန်းတောင်းဆိုချက်များအပေါ် ပြင်းထန်စွာကန့်ကွက်ကြောင်း စသည်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်တစ်စောင်ကို ဇူလိုင်လ ၉ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

ဇူလိုင်လ ၁၃ ရက်ကထုတ်ပြန်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင်မူ ဖေဖော်ဝါရီလအတွင်းက ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် / သံအမတ်ကြီးအဖြစ်မှ ထုတ်ပယ်ထားပြီးဖြစ်သည့် ဦးကျော်မိုးထွန်းက ကုလသမဂ္ဂ၏ အစည်းအဝေးများတွင် တက်ရောက်ဆွေးနွေးမှုများသည် တရားဝင်ခြင်းမရှိကြောင်းနှင့် သူသည် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုနှင့် အခြားသောပြစ်မှုများအရ တရားစွဲဆို ဖမ်းဝရမ်းထုတ်ထားပြီးဖြစ်ကြောင်း၊ တရားရင်ဆိုင်ရေးနှင့် မြန်မာကိုယ်စားလှယ်အဖြစ် အသိအမှတ်မပြုရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက သက်ဆိုင်ရာနိုင်ငံနှင့် အဖွဲ့အစည်းများထံ တရားဝင်အကြောင်းကြားထားကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအနေဖြင့် အိုအိုင်စီမှတင်သွင်းသည့် အဆို (မူကြမ်း) အား လက်မခံပယ်ချကြောင်း သဘောထားထုတ်ပြန်ချက်ကို ဇူလိုင်လ ၁၄ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ဂျီနီဗာမြို့၌ ကျင်းပသည့် လူ့အခွင့်အရေးကောင်စီ၏ (၄၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ဇူလိုင် ၁၂ ရက်က အိုအိုင်စီက တင်သွင်းခဲ့သည့် ရိုဟင်ဂျာဆိုသူ မွတ်စလင်များနှင့် အခြားသောလူနည်းစုများ၏ အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အဆိုတစ်ရပ်ကို သက်ဆိုင်ရာမြန်မာနိုင်ငံမပါဝင်ဘဲ အတည်ပြုဆုံးဖြတ်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံက လက်မခံနိုင်သည့် သဘောထားကို ထုတ်ပြန်ထားခြင်းပင်ဖြစ်ပါသည်။

အကြမ်းဖက်အုပ်စုမှ ဇော်ဝေစိုးသည် ပြင်သစ်အစိုးရပိုင်ရုပ်သံသတင်းဌာန France 24 နှင့် ဇူလိုင် ၁ ရက်က တွေ့ဆုံမေးမြန်းခြင်းပြုလုပ်ခဲ့ပြီး အကူအညီမဲ့နေသည့် မြန်မာပြည်သူများသည် မိမိကိုယ်ကိုခုခံသည့် နည်းလမ်းမှလွဲ၍ အခြားနည်းလမ်းများကို အသုံးမပြုနိုင်တော့ကြောင်းနှင့် နိုင်ငံတကာက ကူညီရန်ပြောကြားခဲ့ကြောင်း သိရှိရသည်။ ဇော်ဝေစိုး၏ ပြောကြားချက်များသည် အကြမ်းဖက်တိုက်ခိုက်မှုများကို ကျူးလွန်သူများအား ခုခံကာကွယ်ပြောဆိုခဲ့ပြီး အားပေးအားမြှောက်ပြုလုပ်နေခြင်းလည်းဖြစ်ခြင်းကြောင့် ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပြီး ယင်းသို့တွေ့ဆုံမေးမြန်းသည်ကိုလည်း မြန်မာနိုင်ငံက ကန့်ကွက်ကြောင်း သတင်းထုတ်ပြန်ချက်ကို ဇူလိုင်လ ၇ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားခဲ့သည်။

ကမ္ဘာ့ကပ်ရောဂါကိုထိန်းချုပ်တားဆီးရန် နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံက အစိုးရနှင့်ပြည်သူ လက်တွဲတွန်းလှန်နေချိန်တွင် အချင်းချင်းစိတ်ဝမ်းကွဲပြားမှုများနှင့် သံသယများ ဖြစ်ပေါ်စေရန်၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေခြင်းအပေါ် မြန်မာနိုင်ငံက ပြင်းထန်စွာ ရှုတ်ချခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်တစ်စောင်ကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင်လ ၃၀ ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဗြိတိန်နိုင်ငံ၏ ကမကထပြုမှုဖြင့် မြန်မာနိုင်ငံ ဆိုင်ရာ Arria Formula အစည်းအဝေးကို ဇူလိုင် ၂၉ ရက်က နယူးယောက်မြို့တွင် ကျင်းပခဲ့ပြီး ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်လုပ်ကြံဖန်တီးထားသည့် တစ်ဖက်သတ် သတင်းအချက်အလက်များကို အခြေခံဆွေးနွေးခဲ့သည့်အပြင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် NUG နှင့် ဆက်စပ်သူများ ပါဝင်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးတွင် ၎င်းတို့ပါဝင်တက်ရောက်မှုနှင့် ဆွေးနွေးပြောကြားချက်များကို ပြင်းထန်စွာ ကန့်ကွက်ပယ်ချကြောင်းနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် သဘောထားတို့ကို ရှင်းလင်းပြတ်သားစွာ သတင်းထုတ်ပြန်ထားခြင်းဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ချန်းရှိချင်းယန့် ကုမ္ပဏီလီမိတက်က လီတာ ၄၀ အောက်ဆီဂျင်အိုး ၁၀၀၀ ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်း



**နေပြည်တော် ဩဂုတ် ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ ချန်းရှိချင်းယန့်ကုမ္ပဏီလီမိတက်က လီတာ ၄၀ အောက်ဆီဂျင်အိုး ၁၀၀၀ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချန်းရှိချင်းယန့်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူက လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ယခုလို ကိုဗစ်-၁၉ ရောဂါ ကုသရေးတွင် အရေးကြီးသည့် အောက်ဆီဂျင်အိုး အလုံး ၁၀၀၀ ကို ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်းပေးသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ပြည်သူများကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း၊ လက်ခံရရှိသည့် အောက်ဆီဂျင်အိုးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနများနှင့် ပြည်သူ့ဆေးရုံကြီးများသို့ အမြန်ဆုံး ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် တပ်မတော်ဆေးရုံများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်




**စစ်တွေ ဩဂုတ် ၁၁**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် တပ်မတော်ဆေးရုံများသို့ Oxygen Concentrator စက်အလုံး ၃၀၊ အောက်ဆီဂျင်အိုး အလုံး ၁၂၅၀၊ Medical Regulator ၁၂၅၀ ပေးအပ်လှူဒါန်းခြင်းနှင့် ကိုဗစ်-၁၉ လူနာများအတွက် အရေးပေါ်ကုသဆေးများ ဝယ်ယူရန် ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ယခုပစ္စည်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးရန်ပုံငွေမှ ငွေကျပ် ၃၂၃၂ သိန်းကျော် အကုန်ကျခံပြီး ဝယ်ယူခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ပြင် စစ်တွေပြည်သူ့ဆေးရုံကြီးတွင် BXT ကုမ္ပဏီမှ ငွေကျပ် ၁၀၆၆ သိန်းတန်ဖိုးရှိ အောက်ဆီဂျင်စက်တစ်လုံး လှူဒါန်းလာကြောင်း၊ ၎င်းစက်ရောက်ရှိလာပါက အသင့်တပ်ဆင်အသုံးပြုနိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က ဆေးရုံကြီးတွင် ငွေကျပ် သိန်း ၃၂၀ တန်ဖိုးရှိသည့် စက်ရုံအဆောက်အအုံကို တည်ဆောက်လျက်ရှိပါကြောင်း၊ စစ်တွေပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော ကိုဗစ်-၁၉ လူနာများအတွက် လိုအပ်သည့် အရေးပေါ်ကုသဆေး သုံးမျိုး ဝယ်ယူရန်အတွက်လည်း ငွေကျပ် ၃၄၁ သိန်းကျော် ထပ်မံထောက်ပံ့မည်ဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုအခမ်းအနားတွင် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၃၈၉၄ သိန်း ဖြစ်ပါကြောင်း၊ ကိုဗစ်ကာကွယ်ဆေးများကို ဇူလိုင် ၂၉ ရက်မှ စတင်ပြီး ထိုးနှံပေးလျက်ရှိရာ ဩဂုတ် ၁၀ ရက်အထိ လူဦးရေ ၈၆၃၇၆ ဦးကို ထိုးနှံပြီးစီးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကြည်လွင်ထံသို့ ပြည်နယ်အတွင်းရှိ ဆေးရုံများအတွက် အောက်ဆီဂျင်စက်၊ အောက်ဆီဂျင်အိုးများ၊ Medical Regulator များနှင့် ကိုဗစ်-၁၉ လူနာများအတွက် အရေးပေါ် ကုသဆေးများ ဝယ်ယူရန် ထောက်ပံ့ငွေများကို ပေးအပ်ပြီး တပ်မတော် ဆေးရုံများအတွက် အောက်ဆီဂျင်အိုးနှင့် Medical Regulator များကို အမှတ်(၈) စစ်မြေပြင်တပ်ရင်းမှ ဒုတိယ ဗိုလ်မှူးကြီး နေဝင်းနိုင်အား ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ဆောက်လုပ်နေသော အောက်ဆီဂျင်စက်ရုံ အဆောက်အအုံနှင့် ဆေးရုံကြီးရှိ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုသည်။ အဆိုပါ တည်ဆောက်လျက်ရှိသော အောက်ဆီဂျင်စက်ရုံ အဆောက်အအုံမှာ လက်ရှိတွင် ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ စစ်တွေ တက္ကသိုလ်အဝင် (ဂန္ဓာမာလမ်း) ကွန်ကရစ်ခင်းနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းမှာ စစ်တွေ တက္ကသိုလ် ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ သွားလာရာတွင် အဆင်ပြေစေရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုငွေကျပ်သန်း ၁၅၀ ဖြင့် အရှည်ပေ ၁၆၄၀၊ အကျယ် ၁၈ ပေ၊ အမြင့် ၈ လက်မရှိသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။

တင်ထွန်း

(ပြန်/ဆက်)

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုမှ ကိုဗစ်-၁၉ ပိုးတွေ့လူနာများအတွက် ကျန်းမာရေးပစ္စည်းများ လှူဒါန်း



ကျောက်မဲ ဩဂုတ် ၁၁

**ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများမှ ကျောက်မဲမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအတွက် စားနပ်ရိက္ခာများနှင့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများကို ထောက်ပံ့လှူဒါန်းသည်။**

ကျောက်မဲမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအတွက် တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများမှ လှူဒါန်းပေးသည့် ဆန်အိတ် ၃၀၊ ဆီပိသာ ၃၀၊ ခေါက်ဆွဲခြောက်နှစ်ဖာ၊ အရက်ပြန်ပုံးကြီးတစ်ပုံး၊ ကလိုရင်း ပုံးကြီးတစ်ပုံး၊ Face Shield ၁၀၀ ၊ Mask ၁၅ ဘူးနှင့် ကြက်ဥ အလုံး ၁၀၀၀ တို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) ကိုယ်စား အမှတ်(၁)စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ်၊စစ်ဦးစီးမှူး (ပထမတန်း) (ဦး/ရေး/ထောက်)ဒုတိယဗိုလ်မှူးကြီး လွင်ဘုန်းအောင်က ပေးအပ် လှူဒါန်းခဲ့ပြီး ကျောက်မဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းတို့က လက်ခံရယူသည်။

ကျောက်မဲမြို့နယ် အတွင်းတွင် ယမန်နေ့ မွန်းတည့် ၁၂ နာရီအထိ စာရင်းအရ ကိုဗစ်-၁၉ ပိုးတွေ့လူနာ ၅၇၇ ဦး၊ သေဆုံးသူ ၃၁ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

မိုင်းထွန်း

(ပြန်/ဆက်)

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် ဩဂုတ် ၁၁**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့် ရှိနေပြီး ကျန် ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# (၁၅) ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များအစည်းအဝေး (15th ANCM) ကျင်းပ




နေပြည်တော် ဩဂုတ် ၁၁

**ဘရူနိုင်းနိုင်ငံက လက်ခံကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များအစည်းအဝေး (15th ANCM) ကို ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ အာဆီယံ ရေတပ်ဦးစီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာအစည်းအဝေး၏သဘာပတိဖြစ်သူ ဘရူနိုင်းနိုင်ငံရေတပ်ဦးစီးချုပ် First Admiral Spry Bin Haji Serudi @ Haji Seruji က (၁၅) ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များ အစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ယခင်နှစ် (၁၄) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး မှတ်တမ်းကို အတည်ပြုသည်။ ထို့နောက် ANCM အမြဲတမ်းပူးတွဲအတွင်းဝန်က ဒေသတွင်းပင်လယ်ရေကြောင်းလုံခြုံရေး အခြေအနေများကို အကျဉ်းချုပ်တင်ပြဆွေးနွေးပြီး အစည်းအဝေးတက်ရောက်လာကြသော အာဆီယံ ရေတပ်ဦးစီးချုပ်များက Blue Economy: "We care, We prepare, We prosper" "ပင်လယ်ပြာ စီးပွားရေးအပေါ် ဂရုပြုပြင်ဆင်အောင်ပွဲဝင်" ဟူသော ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က မြန်မာနိုင်ငံအတွင်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကို ဦးစားပေးလုပ်ငန်းရပ် အနေဖြင့် ဆောင်ရွက်နေမှု၊ ဒေသတွင်း ရေကြောင်း လုံခြုံရေးအခြေအနေ၊ Blue Economy နှင့် ပတ်သက်၍ ASEAN အဖွဲ့အနေဖြင့် ပူးပေါင်းလုပ်ဆောင်မှု တိုးမြှင့်ဆောင်ရွက်သွားရန် အခြေအနေများကို ဆွေးနွေးခဲ့ပြီး ASEAN ရေတပ်ဦးစီးချုပ်များက ဒေသတွင်း ပင်လယ်ပြင်လုံခြုံရေးကို စုပေါင်း၍ တိုးမြှင့်ဆောင်ရွက်ကြရန်၊ လက်ရှိ ကိုဗစ်-၁၉ ရောဂါ သက်ရောက်မှုအရ New Normal အခြေအနေတွင် အကောင်းဆုံး ဖြေရှင်းမှုကို အာဆီယံ Teamwork ဖြင့် ဆောင်ရွက်ကြရန်နှင့် ပင်လယ်ပြာစီးပွားရေး လုပ်ငန်းစဉ်ကို ဟန်ချက်ညီ ပူးပေါင်း ဆောင်ရွက်ကြရန်တို့ကို အမြင်ချင်းဖလှယ်ကြသည်။

ယင်းနောက် အာဆီယံ ရေတပ် လေ့ကျင့်ရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေး အစီအစဉ်၏ လုပ်ငန်းကျွမ်းကျင်အဖွဲ့အစည်းအဝေး ANTEEP (အန်းတိပ်) Working Group ဆွေးနွေးချက်ရလဒ်များ၊ (၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း လုံခြုံရေး နှီးနှောဖလှယ်ပွဲ (4th International Maritime Security Symposium (IMSS-2021)နှင့် (၁၇) ကြိမ်မြောက် အနောက်ပစိဖိတ်ဒေသ ရေတပ် နှီးနှောဖလှယ်ပွဲ (17th Western Pacific Naval Symposium- WPNS) နှင့် ပတ်သက်ပြီး သက်ဆိုင်ရာ နိုင်ငံများက တင်ပြကြပြီး အာဆီယံ ရေတပ်များ ပူးပေါင်းလေ့ကျင့်ခန်း (ASEAN Multilateral Naval Exercise-AMNEX) (အန်းနက်) နှင့် အာဆီယံရေတပ်များ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ၂၀၂၂ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ပြုလုပ်မည့် (၁၆)ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များ အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခြင်း (16th ANCM)၊ ၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ပြုလုပ်မည့် (၁၇) ကြိမ်မြောက် အာဆီယံ ရေတပ်ဦးစီးချုပ်များ အစည်းအဝေး (17th ANCM)နှင့် ဒုတိယအကြိမ်မြောက် အာဆီယံ ရေတပ်များ ပူးပေါင်းလေ့ကျင့်ခန်း (2nd ASEAN Multilateral Naval Exercise - AMNEX) တို့နှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး သဘာပတိ၊ ဘရူနိုင်း ရေတပ်ဦးစီးချုပ်မှ နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မူဆယ်ခရိုင်အတွင်းရှိ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



မူဆယ် ဩဂုတ် ၁၁

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်းရှိ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ မုံးကိုး၊ တာမိုးညဲ၊ မန့်ဟီးရိုး၊ ပန်ဆိုင်း(ကြူကုတ်) မြို့များရှိ သံဃာတော်များ၊ သီလရှင်များ၊ အသက် ၆၅ နှစ်အထက် သက်ကြီးများနှင့် ပြည်သူစုစုပေါင်း ၁၉၀၂ ဦးကို ယမန်နေ့အထိ ကျန်းမာရေးဝန်ထမ်းများက သတ်မှတ်နေရာများ၌ ထိုးနှံပေးခြင်းများ ဆောင်ရွက်သည်။

မူဆယ်ခရိုင်လုံးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ခွဲဝေရရှိမှုမှာ ၁၉၉၅ လုံးရှိသဖြင့် အများပြည်သူများကို ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်သည်။

ယင်းသို့ဆေးထိုးနှံပေးနေမှုကို မူဆယ်မြို့တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ဇေယျာလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**

## ဘိုကလေးမြို့နယ်၌ ပြည်သူမှ ပြည်သူသို့ အစီအစဉ်ဖြင့် အောက်ဆီဂျင်များ အခမဲ့ပေးဝေ

ဘိုကလေး ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် တတိယလမ်းကြီးရှိ ဘင်္ဂါလီဂျာမေဗလီကြီးတွင် ဗလီအသင်းဝင် ပရဟိတအဖွဲ့မှ နေ့စဉ်နံနက်တိုင်း "ပြည်သူမှပြည်သူသို့" အစီအစဉ်ဖြင့် အောက်ဆီဂျင်လိုအပ်လျက်ရှိသည့် ပြည်သူများကို အောက်ဆီဂျင်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။

ဖြန့်ဝေပေးရာတွင် တစ်ရက်လျှင် လီတာ ၄၀ အိုးကြီး ၁၀ လုံးမှ ၁၅ လုံးအထိ အောက်ဆီဂျင်လိုအပ်နေသည့် လူနာရှင် ၅၀ ထက်မနည်းပေးဝေလျက်ရှိကြောင်းနှင့် ဘိုကလေးမြို့သာမက အခြားမြို့များမှ အရေးပေါ်အောက်ဆီဂျင် အကူအညီတောင်းခံလာပါကလည်း လူမျိုးမရွေး၊ ဘာသာမရွေး လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ရှိနယ်စပ်ဂိတ်မှ အမျိုးသား ၁၅၉ ဦး၊ အမျိုးသမီး ၁၂၃ ဦး၊ စုစုပေါင်း ၂၈၂ ဦး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ် နမ့်ဖာဟော်တံတားမှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၄ ဦး၊ စုစုပေါင်း ၃၀ နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ်၊ ရန်လုံကျိုင်းတံတားမှ အမျိုးသား ၁၉ ဦး၊ အမျိုးသမီးခြောက်ဦး၊ စုစုပေါင်း ၂၅ ဦးတို့ကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၁၉၉ ဦးကို လည်းကောင်း လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် - ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့်အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များအား ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့ နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပင်လောင်းမြို့နယ်ဆေးရုံသို့ အောက်ဆီဂျင်စက်နှင့် ဆေးဝါးများလှူဒါန်း

ပင်လောင်း ဩဂုတ် ၁၁

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်ဆေးရုံ၌ လိုအပ်လျက်ရှိသော အောက်ဆီဂျင် ၁၀ လီတာ စက်တစ်လုံးအား ဩဂုတ် ၉ ရက်က ပင်လောင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ လာရောက်လှူဒါန်းသည်။

ပင်လောင်းမြို့နယ်ဆေးရုံတွင် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော ကိုဗစ်-၁၉ လူနာများအတွက် ကွယ်လွန်သူ ဦးသိန်းဝင်း (ဟိုတယ်ပင်လောင်း)နှင့် ကွယ်လွန်သူ ဦးဇော်မင်းထွန်း(ပဲခူး)တို့အားရည်စူး၍ ဒေါ်နီနီဝင်း၏ မွေးနေ့အလှူအဖြစ် အောက်ဆီဂျင် ၁၀ လီတာ စက်တစ်လုံးကို ပင်လောင်းမြို့နေ ကိုကောင်းခန့် (ဟိုတယ်ပင်လောင်း) မိသားစုက ဒုတိယအကြိမ်မြောက် လာရောက်လှူဒါန်းသည်။

ဩဂုတ် ၈ ရက်တွင် ပင်လောင်းဆေးရုံ၌ ဆေးကုသမှုခံယူနေသော ကိုဗစ်-၁၉ လူနာများအတွက် ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ဆေးဝါးခြောက်မျိုးကို နေပြည်တော်လျှပ်စစ်ရုံးချုပ်မှ အင်ဂျင်နီယာ ဦးစိုင်းအောင်ရဲကျော်ကလည်း ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**






မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်အိုးများနှင့် အောက်ဆီဂျင်အရည်များ တင်သွင်းလာစဉ်။

✪ *ကျောဖုံးမှ*

နှာခေါင်းစည်း (Mask) ၁၁ တန်၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းမှ Oxygen Concentrator ၁၅ ခု အပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ ထီးခီး ကုန်သွယ်ရေး စခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ် နှစ်စီးဖြင့် ၃၅ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ခုနစ်တန်၊ အောက်ဆီဂျင် (အိုးခွံ) ၆၆၉၈ ခု၊ Oxygen Plant တစ်ခု၊ Oxygen Generator တစ်ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၂၈၈၈ ခု၊ Test Kit ၇၂၂၆ ခု၊ PPE ဝတ်စုံ ၁၅၉၆၀၊ လက်အိတ် ရှစ်တန်နှင့် နှာခေါင်းစည်း (Mask) ၄၉ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါ ပစ္စည်းများအား ကုမ္ပဏီ ၂၄ ခုမှ ယာဉ်စီးရေ ၄၃ စီးဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

**တင်သွင်းခွင့်ပြုခဲ့**

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၆၄၂ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၅၈၉တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၁၅၆ တန်၊ အောက်ဆီဂျင် ခဲတင်ငွေ့(အိုးဖြင့်) ၆၅ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၇၇၈၀၄ ခု၊ Oxygen Plant ၁၆ခု၊ အောက်ဆီဂျင် (Generator) ၁၀ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxy-gen Concentrator) ၆၁၆၅၈ ခု၊ Test Kit ၁၅၀၂၆၈ ခု၊ PPE ၃၄၁၈၅၂ စုံ၊ လက်အိတ် ၅၈ တန်နှင့် နှာခေါင်းစည်း (Mask) ၈၄၉ တန် တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

ဇူလိုင်လအတွင်း ယာဉ်စီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၇၂၇ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၅၆၇တန်၊အောက်ဆီဂျင်ခဲတင်ငွေ့ (အိုးဖြင့်) ၁၁၄ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၄၀၄၉၁ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် လေးခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း (Mask) ၁၁၀၄ တန်၊ PPE ဝတ်စုံ ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင်လမှ ဩဂုတ် ၁၁ ရက်အထိ ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင် အရည် (Bowser) ယာဉ် စုစုပေါင်း ၆၃ စီးမှာ ရန်ကုန်မြို့သို့ ၄၆ စီး ၊ မန္တလေးမြို့သို့ ၁၁ စီး၊ ပဲခူးမြို့သို့ နှစ်စီး ၊ မော်လမြိုင်မြို့သို့ သုံးစီး၊ သထုံမြို့သို့ တစ်စီး ဖြစ်ပြီး Oxygen Plant စုစုပေါင်း ၂၄ ခုမှာ ရန်ကုန်မြို့သို့ လေးခု၊ လားရှိုး လေးခု ၊ ပဲခူးမြို့သို့ လေးခု၊ ပခုက္ကူ နှစ်ခု၊ မန္တလေးမြို့၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ဘားအံ၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ ကျောက်ပန်းတောင်းမြို့၊ မော်လမြိုင်မြို့များသို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။

**ကြေညာချက်များ ဝင်ရောက်ကြည့်ရှုနိုင်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူ မြန်ဆန်စေရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက် ရှိသလို ဆေးဝါးနှင့် ဆက်စပ်ပစ္စည်း တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကို လည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ် ဆောင်ရွက် ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**




ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်အိုးများ တင်သွင်းလာစဉ်။



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ တင်သွင်းလာစဉ်။

■ *ကျောဖုံးမှ*

အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည့် ဘရန့်ဖို့ဒ်အသင်း၏ ခြေစွမ်း ကောင်းမွန်နေသည်ဟု ဆိုနိုင်ပေသည်။ ပြိုင်ဘက်အာဆင်နယ်အသင်းက ရာသီအကြိုခြေစမ်းပွဲ လေးပွဲယှဉ်ပြိုင်ကစားထားရာ နိုင်ပွဲရရှိထားခြင်း မရှိဘဲ သုံးပွဲရှုံးကာ တစ်ပွဲသရေကျထားသည်ကို တွေ့ရသည်။ အဆိုပါ ပွဲစဉ်များထဲတွင် အာဆင်နယ်အသင်းသည် ချယ်ဆီး၊ စပါးအသင်းစသည့် အသင်းကြီးများနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ပွဲစလုံး ရှုံးပွဲကြုံတွေ့ထား သည့်အတွက် အာဆင်နယ်အသင်း၏ ခြေစွမ်းကောင်းမွန်မှုမရှိသည်ကို တွေ့ရသည်။

ထို့ပြင် အာဆင်နယ်အသင်းသည် လာမည့်ပွဲစဉ်များတွင် ချယ်ဆီး၊ မန်စီးတီးစသည့် အသင်းကြီးများနှင့် ဆက်တိုက်ရင်ဆိုင် ကစားရဖွယ်ရှိနေသောကြောင့် ယနေ့ပွဲစဉ်ကို အနိုင်ရရှိအောင် အားစိုက် ကစားလာဖွယ်ရှိသည်။ ဘရန့်ဖို့ဒ်အသင်းက ယနေ့ပွဲစဉ်ပြီးလျှင် အာဆင်နယ်အသင်းကဲ့သို့ အသင်းကြီးများနှင့် ဆက်တိုက်ရင်ဆိုင် ကစားရဖွယ်မရှိသော်လည်း အဖွင့်ပွဲစဉ်တွင် ရလဒ်ကောင်းရရှိရန်အတွက် အသင်းကို အကောင်းဆုံးပြင်ဆင်လာဖွယ်ရှိနေသည်။ အဆိုပါ နှစ်သင်း



ရာသီအကြို ခြေစမ်းပွဲအဖြစ် စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

နောက်ဆုံးထိပ်တိုက်တွေ့ဆုံခဲ့သည်မှာ ၂၀၁၈ ခုနှစ်က လိဂ်ဖလားပြိုင်ပွဲတွင်ဖြစ်ပြီး အာဆင်နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် ဘရန့်ဖို့ဒ်အသင်းကို အနိုင်ရရှိထားသည်။

ကစားသမားခေါ်ယူမှုတွင် ဘရန့်ဖို့ဒ်အသင်းက လော်ရီရန့်အသင်းမှ ဝစ်ဆာ၊ ဆဲလ်တစ်အသင်းမှ အေဂျားနှင့် မစ်ဂျေးလန်းအသင်းမှ အွန်ရီကာတို့ကို ခေါ်ယူအားဖြည့်ထားသည်။ အာဆင်နယ်အသင်းက ဘင်ဖီကာအသင်းမှ တာဗာရက်စ်၊ အန်ဒါလက်ချ်အသင်းမှ လိုကွန်ဂါနှင့် ဘရိုက်တန်အသင်းမှ ဘင်ဝိုက်တို့ကို ခေါ်ယူအားဖြည့်ထားသည်။ ဒဏ်ရာရကစားသမားအနေဖြင့် ဘရန့်ဖို့ဒ်အသင်းတွင် ဒါဆီးလ်ဗား တစ်ဦးသာလျှင်ရှိပြီး အာဆင်နယ်အသင်းတွင် အင်ခီတာ၊ ဂါဘရီရယ်၊ ဟိုဒင်၊ ပါတေးတို့ ရှိနေသည်။ သို့သော်လည်း နှစ်သင်းစလုံး အဖွင့်ပွဲစဉ်ကို ရလဒ်ကောင်းဖြင့် ဖွင့်လှစ်နိုင်ရန်အတွက် ဒဏ်ရာရကစားသမား များကို ချန်လှပ်ကာ အဓိကကစားသမားအများစုဖြင့် ပွဲထွက်လာဖွယ် ရှိနေသည်။

ထို့ကြောင့် ၂၀၂၁-၂၂ ရာသီပရီမီယာလိဂ်အဖွင့်ပွဲစဉ်ကို ရလဒ် ကောင်းဖြင့် ဖွင့်လှစ်သွားမည့် အသင်းက တန်းတက် ဘရန့်ဖို့ဒ်လား သို့မဟုတ် အာဆင်နယ်လားဆိုသည်ကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် အဆုံးအဖြတ်ပေးသွားတော့မည်ဖြစ်သည်။

**အောင်ဇော်**

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ အမည်အလွဲအသုံးပြုပြီး သတင်းအမှားတစ်ပုဒ် လုပ်ကြံထုတ်ပြန်ထား

**နေပြည်တော်  ဩဂုတ်  ၁၁**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ အမည်အလွဲအသုံးပြုပြီး ပူးတွဲပါသတင်းအမှားတစ်ပုဒ်ကို လူမှုကွန်ရက်တွင် လုပ်ကြံထုတ်ပြန်ထားသည်။

အဆိုပါသတင်းမှာ သတင်းအမှားသာဖြစ်ကြောင်းနှင့် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က အမှန်တကယ်ထုတ်ပြန်ထားသည့် သတင်းမဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**






"အိမ်စောင့်အစိုးရအား ကုလသမဂ္ဂမှ အသိမှတ်ပြုရန် တပ်မတော်အလံ နှင့် ပြည်နိုင်ဖြိုးအလံများ အိမ်ရှေ့တွင် လွှင့်ထူပေးကြဖို့ နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း"

၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံအစ [illegible] ဝေး [illegible] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအား နိုင်ငံကိုယ်စားပြု တ [illegible] က်ခွင့် ရရှိဖို့ [illegible] က် ပြည်သူများက မိမိတို့၏ နေအိမ်ရှေ့မှောက်တွင် တပ်မတော်အလံနှင့် [illegible] ပြည်နိုင်ဖြိုးအလံများ လွှ [illegible] ပြီး ထောက်ခံကြောင်း ပြသကြဖို့ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမေ [illegible] ငံမှ ယနေ့ တိုက်တွန်းခဲ့သည် [illegible] အလံများအား မနက်ဖြန် (၁၁.၈.၂၀၂၁) နံနက် (၈:၀၀) [illegible] ချိန်မှ စတင်၍ ကုလသမဂ္ဂအထွေ [illegible] ညီလာခံ ကျင်းပမည့် စက်တင်ဘာ (၉) လပိုင်းအထိ [illegible] တမ်းလွှင့်ထူထား ရမည်ဖြစ်ကြောင်း သိရ [illegible] ည်။

နိုင်ငံခြားရေးဝန်ကြီး [illegible] ဝဏ္ဏမောင်လွင် မှ - "ကုလ [illegible] တွင် နိုင်ငံကိုယ်စားပြုခွင့် (Credential Issue) ဆိုတာက [illegible] ကုလသမဂ္ဂမှာ နိုင်ငံကို [illegible] စားပြုပြီး တာဝန်ထမ်းဆောင်ဖို့ ခန့်အပ်ထားတဲ့ အမြဲတမ်းကိုယ်စာ [illegible] ယ်နဲ့ သံဝန်ထမ်းတွေ [illegible] ငံ နိုင်ငံက တာဝန်ပေးစေလွှတ် လိုက်တဲ့ကိုယ်စားလှယ်တွေကို တရား [illegible] ယ်စားလှယ် [illegible] ဖြစ် တရားဝင်အသိအမှတ်ပြုတာကို ဆိုလိုတာပါ။ အရေးကြီးပါတယ်။ ဘာကြော [illegible] ဆို [illegible] ဒီလိုအသိအမှတ်ပြုခြင်းဟာ စေလွှတ်တဲ့ အစိုးရကို အသိအမှတ်ပြုတဲ့သဘောမျိုးဖြစ်ပါ [illegible] လွှတ်တဲ့အစိုးရကို တရားဝင် အသိအမှတ်ပြု ရာရောက်တဲ့အတွက် နိုင်ငံတကာမှာ တရား [illegible] သွားတဲ့ သဘောပါ။ နောက်ပြီးတော့ အခုလို အသိအမှတ်ပြုလိုက်တဲ့အတွက် ခန့်အပ် [illegible] အမြဲတမ်းကိုယ်စားလှယ်နဲ့ ကိုယ်စားလှယ်အဖွဲ့ တွေဟာ ကုလသမဂ္ဂရဲ့ အစည်းအဝေး [illegible] ညီလာခံတွေ [illegible] တရားဝင် တက်ရောက်ခွင့်နဲ့ တရားဝင် ပြောရေးဆိုခွင့် ရရှိပါတယ်။ ကုလ [illegible] ဂ္ဂဆိုင်ရာ ဆုံးဖြတ် [illegible] တွေမှာ ပါဝင်မဲပေးဆုံးဖြတ်ပိုင်ခွင့် လည်း ရှိလာပါတယ်။ ကုလ [illegible] ဂ္ဂအတွင်း ဆွေးနွေးချမှတ် [illegible] ရှိတဲ့ ဆုံးဖြတ်ချက်တွေအပေါ် ပါဝင်နိုင်ခွင့်ရတဲ့ အခြေအ [illegible] ဒါ့အပြင် အခြားနိုင်ငံက အစိုး [illegible] နဲ့ ကုလသမဂ္ဂဌာနတွေကို တရားဝင်ဆက်သွယ်ပြော [illegible] ခွင့် ရရှိလာပါတယ်။ မိမိပြောဆိုလိုတဲ့အ [illegible] ကြောင်းအရာတွေကို တင်ပြ ပြောဆိုနိုင်ပြီး အပြ [illegible] ပြန်ဆွေးနွေးနိုင်ပါတယ်။ ဒါကြောင့် ပြည်သူမျ [illegible] မိမိတို့၏ နေအိမ် ရှေ့မှောက်တွင် [illegible] တော်အလံများ နှင့် ပြည်နိုင်ဖြိုးအလံများ လွှင့်ထူပြ [illegible] မ်စောင့်အစိုးရကို ထောက်ခံကြော [illegible] ပြသကြဖို့ လိုအပ်ပါတယ်။ အလံများကို မနက်ဖြန် [illegible] ၀၀) ကနေ အစည်းဝေ [illegible] းပမည့် စက်တင်ဘာလ အထိ လွှင့်ထူပေးဖို့ တိုက်တွန်းလို [illegible] ယ်" ဟု ပြောကြ [illegible] ကြောင်း သိရှိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရသည် ကုလသမဂ္ဂအထွေထွေည [illegible] ခံ [illegible] ည်းအဝေးတွင် နိုင်ငံကိုယ်စားပြုတက်ရောက်ခွင့် ရရှိဖို့ လေလိုင်းအစိုးရ (NUG) နှင့် ယှဉ်ပြိုင် [illegible] မည်ဖြစ်ကြောင်း သိရှိရသည်။

#တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့

# ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ပဲ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော်  ဩဂုတ်  ၁၁**

စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် စေတနာရှင်အလှူရှင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက စားသောက်ဖွယ်ရာ များ ထောက်ပံ့ပေးအပ်လျက် ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ် ရပ်ကွက် (၁၀) ရှိ ဧလိမ်မိဘမဲ့ဂေဟာနှင့် ရပ်ကွက် (၁) ရှိ ‘ ‘ဝ” မိဘမဲ့ရိပ်သာတို့ရှိ မိဘမဲ့ ကလေးငယ်များအတွက် တာဝန်ရှိသူများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး၊ လားရှိုးခရိုင်စီမံအုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ဆန်၊ ဆီ၊ ပဲ၊ စားသောက်ကုန်ပစ္စည်းများနှင့် Mask ၂၀၀၀ တို့ကိုလည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူအိမ်ထောင်စု ၃၀၀ တို့အတွက် စားသောက်ကုန်ပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များက လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်နေ ပြည်သူအိမ်ထောင်စု ၂၀၀ တို့အတွက် ဆန်နှင့်စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မင်းဘူးမြို့နယ်၌ အောက်ဆီဂျင်စက်ရုံ ဆောက်လုပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**မင်းဘူး  ဩဂုတ်  ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ လူနာများနှင့် အခြားနာမကျန်း လူနာများ၏ အောက်ဆီဂျင် လိုအပ်ချက် မဖြစ်ပေါ်စေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဦးဆောင်ကြီးကြပ်၍ ဖြူဟ္မစိုရ် လူမှုကူညီရေးအသင်း၊ မြို့မိမြို့ဖများနှင့် ပူးပေါင်း၍ အောက်ဆီဂျင် စက်ရုံစတင်ဆောက်လုပ်လျက်ရှိသည်။

ထိုသို့ တည်ဆောက်မည့် အောက်ဆီဂျင် စက်ရုံမှာ ၃၀ လီတာကျူ အမျိုးအစားဖြစ်ပြီး တစ်ရက်လျှင် လီတာ ၄၀ အောက်ဆီဂျင်အိုး ၂၄၀ ထွက်ရှိမည်ဖြစ်ပြီး ယင်းအောက်ဆီဂျင်စက်ကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေး၍ ဩဂုတ်လတတိယပတ်တွင် ရောက်ရှိမည်ဖြစ်ကာ အဆောက်အအုံနှင့် စက်ပစ္စည်းတပ်ဆင်မှုများသည် တစ်လကြာမြင့်မည်ဟု ခန့်မှန်းထားကြောင်း မကြာမီကာလများတွင် စတင်လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း ဖြူဟ္မစိုရ် လူမှုကူညီရေး အသင်း ဘဏ္ဍာရေးမှူး ဦးမျိုးမင်းထံမှ သိရသည်။

အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည့် မြေနေရာကို ဖြူဟ္မစိုရ် လူမှုကူညီရေးအသင်းက လှူဒါန်းပြီး ထရန်စဖော်မာ အလှူရှင်မှာ မင်းဘူးမြို့ မျက်စိဆရာဝန်ကြီး ဒေါက်တာဦးအောင်ဆန်းဝင်း-ဒေါ်မြင့်မြင့်အေး၊ မီးနှင့် ထရန်စဖော်မာကို ကိုသန်းဇော် မန်းသီတာက တာဝန်ယူ တပ်ဆင်ပေးမည်ဖြစ်ကာ အောက်ဆီဂျင်စက်ရုံ အလှူရှင်သည် မင်းဘူးမြို့ ရွှေရောင်မြေ မိသားစုတို့က ပစ္စည်းကုန်ကျငွေများအတိုင်း လှူဒါန်းသည်ဖြစ်ကြောင်းမည် သိရသည်။

ယခင်က အောက်ဆီဂျင်စက်ရုံ၏ ခန့်မှန်းကုန်ကျငွေမှာ စက်ပစ္စည်း တန်ဖိုး ကျပ်သိန်း ၅၀၀၊ စက်ရုံ တည်ဆောက်ခြင်းအတွက် ငွေကျပ်သိန်း ၇၀၀နှင့် ထရန်စဖော်မာအတွက် ကျပ်သိန်း ၂၀၀ ဖြင့် ခန့်မှန်းထားသော်လည်း ယခုအခါ အလှူရှင်များ ပေါ်ထွက်လာပြီဖြစ်၍ အဆင်ပြေပြီဖြစ်သောကြောင့် အောက်ဆီဂျင်အိုးများနှင့် အခြားသုံးစရာအတွက် ငွေကြေးအခက်အခဲများ ပေါ်ပေါက်လာပါက ဒေသခံများ ရပ်ဝေးရပ်နီးမှ စေတနာရှင် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အောက်ဆီဂျင် စက်ရုံ လည်ပတ်နိုင်ပါက မင်းဘူးမြို့ပေါ်မှ အောက်ဆီဂျင် လိုအပ်သော လူနာများအပြင် အနီးဝန်းကျင်မြို့နယ်များမှ ပြည်သူများအတွက် လိုအပ်သော အောက်ဆီဂျင်များ တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း ဖြူဟ္မစိုရ် လူမှုကူညီရေးအသင်း အတွင်းရေးမှူး ဦးကိုကိုအောင်က ပြောသည်။

**ဇေယျာထက် (မင်းဘူး)**

# ဗိုလ်တထောင်မြို့နယ်၌ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တိုက်ခန်းပေါ်မှ ခုန်ချထွက်ပြေးရန်ကြိုးစားသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးကာ အမျိုးသားသုံးဦးဒဏ်ရာရရှိ

**နေပြည်တော် ဩဂုတ် ၁၁**

**ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး လုပ်ရပ်များတွင် အသုံးပြုရန်အတွက် ပစ္စည်းများသိုဝှက်သိမ်းဆည်းထားရှိကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေစဉ် တရားခံ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး တိုက်ခန်းပေါ်မှ ခုန်ချထွက်ပြေးရန် ကြိုးစားသူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးခဲ့ကာ အမျိုးသား သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဩဂုတ် ၁၀ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ် အမှတ် (၆) ရပ်ကွက် (၄၄) လမ်း တိုက်အမှတ် (၁၆) (၃)လွှာ၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များတွင် အသုံးပြုရန်အတွက် ပစ္စည်းများ သိုဝှက်သိမ်းဆည်းထားရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက် စစ်ဆေးခဲ့ရာ အဆိုပါ တိုက်ခန်းအတွင်းမှ သီဟကောင်းဆက် (၂၀) နှစ်ပါ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို အကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့်ပစ္စည်းများဖြစ်သော လက်လုပ်ဗုံးမျိုးစုံ ၁၆ လုံး၊ ယမ်းပျော့ နှစ်ချောင်း၊ တစ်ထုပ်လျှင် ဖြောက်အိုး ၅၀ ပါ အထုပ် နှစ်ထုပ် အပါအဝင် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေစဉ် အခန်းအတွင်း ကျန်ရှိနေသည့် အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးစစ်ဆေးခြင်းကို ခံယူခြင်းမရှိဘဲ အဆိုပါတိုက်ခန်း (၃) လွှာ အနောက်ဘက်ရှိ ပြတင်းပေါက်မှ ခုန်ချထွက်ပြေးခဲ့သဖြင့် တိုက်ခန်းအောက်ခြေရှိ ကွန်ကရစ်ကြမ်းပြင်ပေါ်သို့ ပြုတ်ကျခဲ့၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ သေဆုံးခဲ့ကာ အမျိုးသား သုံးဦးတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် လိုအပ်သော ဆေးဝါးကုသမှုခံယူနိုင်ရေး အတွက် တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) သို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ဖြစ်စဉ်တွင် လူသေဆုံးမှုများနှင့် ပတ်သက်၍ ရဲလုပ်ငန်းစဉ်များနှင့်အညီ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိထားသူ တရားခံများနှင့် ဆက်စပ်တရားခံများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**



(ဝဲမှယာ) သီဟကောင်းဆက်၊ ဝေဖြိုးအောင်၊ မိုးကျော့ကျော့ခန့် တို့အား ဖမ်းဆီးရမိသည့် ပစ္စည်းများနှင့် အတူ တွေ့ရစဉ်။

# မြိုင်မြို့နယ် ပိုက်သင်ကျေးရွာရှိ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖွင့်လှစ်ထားသည့် ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေသည့် ရွာသားများအား အကြမ်းဖက်သူများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့သဖြင့် ကျေးရွာသား တစ်ဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပိုက်သင်ကျေးရွာရှိ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖွင့်လှစ်ထားသည့် ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေသော တာဝန်သိကျေးရွာသားများအား အကြမ်းဖက်သူများက ဖမ်းဆီးတုပ်နှောင်ပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာသား တစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။



ပစ်ခတ်မှုဖြစ်ပွားသည့်နေရာ မှတ်တမ်းပုံ။

ဖြစ်စဉ်မှာ မြိုင်မြို့နယ် ပိုက်သင်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးရေးဂိတ်ဖွင့်လှစ်ထားရှိရာ ဩဂုတ် ၉ ရက်တွင် ကျေးရွာသားများဖြစ်ကြသည့် ဦးတင့်လွင် (ဘ) ဦးပိုက်၊ ဦးစန်းလွင် (ဘ)ဦးစိန်သောင်း၊ ဦးကျော်နိုင် (ဘ) ဦးတင့်ဆွေ၊ ဦးကျော်စိုး (ဘ) ဦးတင်ဆောင်၊ ဦးအောင်ဇေယျ (ဘ) ဦးချစ်တီးတို့ ငါးဦးသည် အဆိုပါစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေစဉ် ညနေ ၃ နာရီခန့်တွင် မော်တော်ယာဉ် တစ်စီးဖြင့် အကြမ်းဖက်သူ ခြောက်ဦးခန့်ရောက်ရှိလာပြီး ၎င်းတို့အား လက်ပြန်ကြိုးတုပ်၍ မြေကြီးပေါ်မှောက်ခိုင်းခဲ့ကြောင်း၊ ယင်းနောက် အကြမ်းဖက်သူများက အဆိုပါဂိတ်၌ အစောင့် နှစ်ဦးထားရှိပြီး ကျန်သူများက ကျေးရွာအုပ်ချုပ်ရေးမှူး၏နေအိမ်သို့ သွားရောက်ကာ အုပ်ချုပ်ရေးမှူး၏သားဖြစ်သူအား ရှာဖွေခဲ့ကြောင်း၊ တွေ့ရှိခြင်းမရှိသဖြင့် စစ်ဆေးရေးဂိတ်သို့ ပြန်လည်ရောက်ရှိလာပြီး ဖမ်းဆီးထားသည့် ရွာသားများအနက်မှ ဦးအောင်ဇေယျအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့ပြီး ပခုက္ကူ-မြိုင်သွား ကားလမ်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။



ပစ်ခတ်မှုဖြစ်ပွားသည့် နေရာတွင် တွေ့ရှိခဲ့သည့် ကျည်ခွံများ။

အဆိုပါ ပစ်ခတ်မှုကြောင့် ဦးအောင်ဇေယျတွင် ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့သဖြင့် အကြမ်းဖက်သူများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေဖော်ထုတ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေကြီးရေလျှံမှုကြောင့် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် တာချီလိတ်မြို့နယ်နှင့် တနင်္သာရီမြို့နယ်များရှိ ရပ်ကွက်များ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်း ဩဂုတ် ၁၀ ရက် ညပိုင်းမှစ၍ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် တာချီလိတ်မြို့ မကာအိုခမ်းရပ်ကွက် ဆန်ဆိုင်းရပ်ကွက်နှင့် တာလေ့ရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ရေမြောင်းများ ပိတ်ဆို့လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တာချီလိတ်တပ်နယ်မှ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများအတွင်း ပိတ်ဆို့လျက်ရှိသည့် အမှိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် သန့်ရှင်းရေး ပြုလုပ်ခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး တနင်္သာရီမြစ်ရေ မြင့်တက်ခဲ့ကာ တနင်္သာရီမြို့ရှိ အနိမ့်ပိုင်းရပ်ကွက်များသို့ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ရေပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် တင်ကျန်ခဲ့သော အမှိုက်များနှင့် ရွှံ့နွံများကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ တနင်္သာရီတပ်နယ်မှ တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် တင်ကျန် ခဲ့သော ရွှံ့နွံများ ဖယ်ရှားပေးခြင်းနှင့် အမှိုက်များ ရှင်းလင်းပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နွားထိုးကြီး၌ တက်စီရွာ ရာအိမ်မှူး သေနတ်ပစ်ခံရ

**နွားထိုးကြီး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် တက်စီရွာမှ ရာအိမ်မှူး ဦးပေါ်ထိန် (၆၈) နှစ်သည် ယနေ့ ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီခွဲခန့်က နွားထိုးကြီးမြို့နယ် ရွာက်တောရိုးအနီး မြင်းခြံ-မန္တလေး ကားလမ်းတွင် သေနတ်ပစ်ခံရကြောင်း နွားထိုးကြီးမြို့ခံတို့ထံမှ သိရသည်။

ရာအိမ်မှူးမှာ လက်မောင်းနှင့်ဗိုက်တွင် သေနတ်ဒဏ်ရာ နှစ်ချက်ရရှိသွားကြောင်း၊ နွားထိုးကြီးမြို့မှ ရွာသို့အပြန် လုပ်ကြံခံရခြင်းဖြစ်ကြောင်း သိရသည်။ နွားထိုးကြီးနယ်တွင် အုပ်ချုပ်ရေးမှူးများ လုပ်ကြံခံရသည်မှာ နှစ်ယောက်ရှိလာပြီး သန်းပင်တောရွာ အုပ်ချုပ်ရေးမှူးမှာ သေဆုံးခဲ့ကြောင်း နွားထိုးကြီးမြို့ခံ တို့ကပြောသည်။ ၀၁၇

# တာလီဘန်များက အာဖဂန်နစ္စတန် ပြည်နယ်မြို့တော် ကိုးခုကို သိမ်းပိုက်

ကဘူးလ် ဩဂုတ် ၁၁

**တာလီဘန်သောင်းကျန်းသူများက အစိုးရတပ်ဖွဲ့ဝင်များကို ဆက်လက်ထိုးစစ်ဆင်နွှဲလျက်ရှိချိန်တွင် အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်မြို့တော်များကို ပိုမိုထိန်းချုပ်လာနိုင်ပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။**

တာလီဘန်များက တရုတ်နိုင်ငံနှင့်ထိစပ်လျက်ရှိသော မြောက်ပိုင်း ဘာဒက်ခ်ရှန်ပြည်နယ် မြို့တော်သည် ၎င်းတို့လက်အောက် ကျရောက်သွားပြီဖြစ်ကြောင်း ဩဂုတ် ၁၁ ရက်က ကြေညာလိုက်သည်။

ထို့ပြင် ဩဂုတ် ၁၀ ရက်က ဘာဂလန်ပြည်နယ်မြို့တော်ကို သိမ်းယူခဲ့ကြောင်း တာလီဘန်များက ပြောသည်။ အဆိုပါပြည်နယ်မြို့တော်ရှိ အဓိက လမ်းမကြီးသည် မြို့တော်ကဘူးလ်နှင့် မြောက်ပိုင်း မြို့တော် မာဇာရီရှာရစ်ဖ်နှင့် ဆက်သွယ်ထားသည်။

ယခုအချိန်အထိ တာလီဘန်များသည် ပြည်နယ်ကိုးခုကို သိမ်းယူထားကြောင်း သိရသည်။


ဩဂုတ်လမကုန်မီ အမေရိကန်တပ်ဖွဲ့များ နိုင်ငံတွင်းမှ အပြီးပိုင် ပြန်လည်ဆုတ်ခွာခြင်းမပြုခင် နိုင်ငံတွင်းရှိ လုံခြုံရေးအခြေအနေမှာ ဆက်လက်ပျက်စီးလာမည့်သဘောရှိသည်။

ဩဂုတ် ၁၁ ရက်က အာဖဂန်ငြိမ်းချမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာတွေ့ဆုံမှုကို ကာတာမြို့တော် ဒိုဟာ၌ ပြုလုပ်ခဲ့သည်။

အမေရိကန်၊ တရုတ်၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နှင့်ထိစပ်လျက်ရှိသော တခြားနိုင်ငံများမှ ကိုယ်စားလှယ်များ အဆိုပါတွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် လမ်းပြမြေပုံကို ဆွေးနွေးခဲ့သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲကို ရံဖန်ရံခါ ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။

စစ်ပွဲများရပ်ဆိုင်းပြီး နိုင်ငံရေးအဖြေရှာရန်နှင့် နှစ်ဖက်စလုံးကို ညှိနှိုင်းရေးဆွေးနွေးပွဲစားပွဲပေါ်သို့ အရောက်ပို့ဆောင်နိုင်မည်ဟု ဆွေးနွေးဖက်နိုင်ငံများက ယုံကြည်ထားသည်။

အင်န်အိတ်ချ်ကေ




တာလီဘန်တို့ သိမ်းယူထားသော ပြည်နယ်များ။

# ကိုဗစ်-၁၉ နှာခေါင်းဖျန်းဆေးများကို ယခုနှစ်ကုန်၌ လူများတွင် စတင်စမ်းသပ်ရန် ထိုင်းစီစဉ်

**ဘန်ကောက် ဩဂုတ် ၁၁**

ကြွက်များတွင် စမ်းသပ်ရရှိသော ရလဒ်ကောင်းများ ရရှိပြီးနောက် ထိုင်းနိုင်ငံသည် ယခုနှစ်ကုန်၌ ကိုဗစ်-၁၉ နှာခေါင်းဖျန်းဆေးနှစ်မျိုးကို လူများတွင် စတင်စမ်းသပ်သွားရန် စီစဉ်ထားကြောင်း ထိုင်းအရာရှိတစ်ဦးက ပြောသည်။

အဒီနို ဗိုင်းရပ်စ်ဗက်တာ အခြေပြုနှင့် အင်ဖလူရမ်ဇာ ဗိုင်းရပ်စ်ဗက်တာ အခြေပြု ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မျိုးရိုးဗီဇပြုပြင်ဖန်တီးမှုနှင့် ဇီဝနည်းပညာဆိုင်ရာ ထိုင်းအမျိုးသားစင်တာက တိုးတက်ထုတ်လုပ်လျက်ရှိကြောင်း အဆိုပါစင်တာအောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဆန်းသစ်တီထွင်ဖန်တီးခြင်းနှင့် စီမံခန့်ခွဲရေးသုတေသနဌာန ညွှန်ကြားရေးမှူး အာနန် ဂျွန်ကေးဝက်သနာက ပြောသည်။

အဆိုပါစင်တာက ကြွက်များတွင် စမ်းသပ်စစ်ဆေးပြီးနောက် ယခုနှစ်ကုန်၌လူများတွင် စတင်စမ်းသပ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် လတ်တလောတွင် ထိုင်းနိုင်ငံ အစားအသောက်နှင့် ဆေးဝါးထိန်းချုပ်ရေးဌာန၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေရကြောင်း အာနန်က ပြောသည်။

အဆိုပါစမ်းသပ်ချက်များက ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကိုပါ ခုခံကာကွယ်နိုင်စွမ်း ရှိမည်လားဆိုသည်ကို စမ်းသပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဒုတိယအဆင့် လူသားများတွင် စမ်းသပ်ချက်များကို ၂၀၂၂ ခုနှစ် မတ်လ၌ စတင်ရန် စီစဉ်ထားကြောင်းနှင့် အကယ်၍ အခြေအနေအားလုံး ကောင်းမွန်ပါက ၂၀၂၂ ခုနှစ် မတ်လလယ်တွင် အမြောက်အမြားထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဆင်ဟွာ




ကိုဗစ်-၁၉ နှာခေါင်းဖျန်းဆေး နမူနာကို တွေ့ရစဉ်။

# မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၇၈၀ ဖြင့် စံချိန်တင်

**ကွာလာလမ်ပူ ဩဂုတ် ၁၁**

မလေးရှားနိုင်ငံတွင် ဩဂုတ် ၁၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၇၈၀ ရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားသူပေါင်း ၁၃၂၀၅၄၇ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၂၀၇၆၅ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားလိုက်သည်။

နောက်ထပ် ၂၁၁ ဦး ကိုဗစ်-၁၉ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၁၃၇၃ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၁၇၉၇၃ ဦး တိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၁၀၇၅၈၁၆ ဦး သို့မဟုတ် ၈၁ ဒသမ ၅ ရာခိုင်နှုန်း ရှိလာပြီဖြစ်သည်။

ကျန်ရှိနေသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၃၃၃၅၈ ဦးရှိသည့်အနက် ၁၀၅၃ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၅၄၆ ဦးမှာ အသက်ရှူအထောက်အကူပြု ကိရိယာလိုအပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



မလေးရှားနိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ အထောက်အထားများကို ကြည့်ရှုနေစဉ်။

## နိုင်ငံတကာ ကိုဗစ်-၁၉ သတင်းတိုများ

### အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ၁၅၇၉ ဦး ထပ်မံသေဆုံး

**ဂျကာတာ ဩဂုတ် ၁၁**

အင်ဒိုနီးရှားနိုင်ငံတွင် ဩဂုတ် ၁၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၀၆၂၅ ဦးရှိပြီး ၁၅၇၉ ဦး ထပ်မံသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

နောက်ဆုံးသတင်းအချက်အလက်များကို အခြေခံ၍ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံတွင် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၇၄၉၄၄၆ ဦး ရှိလာခဲ့ပြီး ကိုဗစ်-၁၉ ဖြင့် ဆက်စပ်သေဆုံးသူပေါင်း ၁၁၂၁၉၈ ဦး ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၃၉၉၃၁ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၂၁၁၀၇၈ ဦးအထိ ရှိလာသည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ကာကွယ်ဆေးထိုးအစီအစဉ်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၁ ရက်အထိ လူပေါင်းအနည်းဆုံး ၂၅ ဒသမ ၇၂ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၅၂ ဒသမ ၂၈ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

ဆင်ဟွာ

### အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၂ သန်းကျော် ရောက်ရှိ

**နယူးဒေလီ ဩဂုတ် ၁၁**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၈၃၅၃ ဦး အပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၂၀၃၆၅၁၁ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၉၇ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၂၉၁၇၉ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၃၈၆၃၅၁ ဦးအထိ ရှိသည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် အမေရိကန်

••••••• **နှင်းမိုးအိမ်** •••••••

**အမေရိကန်ပြည်ထောင်စုတွင် ဩဂုတ် ၁၀ ရက်က ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၆ သန်း ရှိလာပြီး ကာကွယ်ဆေးထိုးရမည့်အမိန့်မှာ ကိုင်တွယ်ရခက်ခဲသည့်ပြဿနာဖြစ်လာခဲ့သည်။ ကာကွယ်ဆေးထိုးနှံမှုနည်းသည့် နေရာများတွင် ဗီဇပြောင်းဒယ်လ်တာကူးစက်မှု များပြားလာသည်။**

### သတိပေးပြောကြား

ဩဂုတ် ၁၀ ရက် ညနေ ၆ နာရီ ၂၁ မိနစ်တွင် အမေရိကန်နိုင်ငံ၏ ကိုဗစ်– ၁၉ ကူးစက်မှုနှုန်းမှာ ၃၆၀၃၉၇၄၈ ဦး ရှိခဲ့သည်။ သေဆုံးသူမှာလည်း ၆၁၈၀၄၄ ဦး ရှိခဲ့သည်ဟု ဂျွန်ဟော့ကင်းတက္ကသိုလ်၏ တွက်ချက်မှုအရ သိရသည်။ အမေရိကန်တွင် ဖြစ်ပွားနေသည့် ကိုဗစ်– ၁၉ ကူးစက်မှုများမှာ တစ်မွာလုံးဆိုင်ရာ ကူးစက်မှု၏ ၁၈ ရာခိုင်နှုန်းရှိပြီး ကိုဗစ်– ၁၉ နှင့်ဆက်စပ်ပြီး သေဆုံးမှုနှုန်းမှာလည်း တစ်ကမ္ဘာလုံး အနှံ့ နှိုင်းယှဉ်ကြည့်လျှင်၁၄ ရာခိုင်နှုန်းရှိသည်ဟု စာရင်းအင်း အချက်အလက်များက ဖော်ပြလျက်ရှိသည်။ အမေရိကန်တွင် လူဦးရေအချိုးအတိုင်း ကာကွယ်ဆေးအပြည့်ထိုးမှုမလုပ်နိုင်ပါက တစ်နေ့လျှင် လူပေါင်း နှစ်သိန်းအထိ ကူးစက်မှုနှင့် ကြုံတွေ့လာနိုင်ဖွယ်ရှိသည်ဟု ခေတ်မတည့်မှုနှင့် ကူးစက်ရောဂါ အမျိုးသားအင်စတီကျူမှ အကြီးအကဲဖြစ်သူ အန်သိုနီဖောင်စီက သတိပေးပြောကြားခဲ့သည်။

### ပုံမှန်ဆေးစစ်ချက်တင်ပြရန်လို

ဒယ်လ်တာဗိုင်းရပ်စ်မှာ လျင်မြန်စွာ ကူးစက်ပျံ့နှံ့လာသည့်အတွက် ပြည်နယ်များ၊ မြို့များနှင့် ကုမ္ပဏီကြီးများတွင် အလုပ်သမားများကို လျင်မြန်စွာ ကာကွယ်ဆေးထိုးပေးနိုင်ရေး လုပ်ဆောင်လာကြသည်။ ဗီဇပြောင်းဒယ်လ်တာကူးစက်မှုမှာ တိုင်းပြည်တစ်ဝန်း နောက်ထပ် ကိုဗစ်– ၁၉ ကူးစက်မှုများ၏ ၉၃ ဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ မကြာသေးမီ သီတင်းပတ်များအတွင်း ကယ်လီဖိုးနီးယားနှင့် နယူးယောက်မြို့တို့တွင် အများပြည်သူနှင့် သက်ဆိုင်သည့် ကဏ္ဍများတွင် လုပ်ကိုင်နေကြသည့် အလုပ်သမားများ မဖြစ်မနေ ကာကွယ်ဆေးထိုးရန် လိုအပ်ပြီး ပုံမှန်ကိုဗစ်– ၁၉ ဆေးစစ်ချက်များကိုလည်း တင်ပြနေရန်လိုအပ်သည်ဟု ကြေညာခဲ့သည်။

### ဆေးလက်မှတ်ပြသရန်လိုအပ်

ဩဂုတ်လလယ်ပိုင်းမှစတင်ကာ စားသောက်ဆိုင်များ၊ ဘားများနှင့်အားကစားရုံများတွင် လာရောက်အားပေးသူ ဖောက်သည်များ ကိုဗစ်– ၁၉ကာကွယ်ဆေးထိုးပြီးကြောင်း အထောက်အထားပြသရန် လိုအပ်မည်ဟု နယူးယောက်မြို့တော်ဝန်က ကြေညာသည်။ ဗာဂျီးနီးယားပြည်နယ်မှ အလုပ်သမားများသည်လည်း အပတ်စဉ် ကိုဗစ်– ၁၉ ဆေးစစ်ချက်လက်မှတ်များကို ပြသရန် လိုအပ်သည်။ ပင်ဆယ်ဗေးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး တွမ်ဝေါ့ဖ်ကလည်း ကျန်းမာရေးလုပ်သားများနှင့် ကူးစက်နိုင်ဖွယ်မြင့်သည့်နေရာများတွင် အလုပ်လုပ်ကိုင်ကြသူများ စက်တင်ဘာ ၇ ရက် နောက်ဆုံးထား၍ ကိုဗစ် – ၁၉ ကာကွယ်ဆေးအပြည့်ထိုးပြီး ဖြစ်ရမည်ဟု ဩဂုတ် ၁၀ ရက်တွင် ကြေညာခဲ့သည်။

### အကာအကွယ်ပေးရန်လိုအပ်

ကာကွယ်ဆေးမထိုးထားသူများ အပတ်စဉ် ကိုဗစ်– ၁၉ ဆေးစစ်မှုပြုလုပ်ရမည်ဖြစ်သည်ဟု အစိုးရ၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။ ဝါရှင်တန်အုပ်ချုပ်ရေးမှူး ဂျေးအင်စလီကလည်း ပြည်နယ်အလုပ်သမားများနှင့် စေတနာ့ဝန်ထမ်းများအတွက် ကာကွယ်ဆေးထိုးရန် ကြေညာချက်ကို ဩဂုတ် ၁၀ ရက်တွင် ကြေညာခဲ့သည်။ ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍတွင် လုပ်ကိုင်နေကြသူများလည်း ကာကွယ်ဆေးထိုးရမည်ဖြစ်သည်။ ၎င်းတို့အားလုံး ကိုဗစ်– ၁၉ ကူးစက်ခံရခြင်းမှ အကာအကွယ်ပေးရန် လိုအပ်သည်ဟုလည်း ဝါရှင်တန်အုပ်ချုပ်ရေးမှူးက ပြောသည်။



နယူးယောက်မြို့တိုင်းမ်စကွဲယားတွင် သွားလာနေကြသူများကို တွေ့ရစဉ်။

### တွန့်ဆုတ်နေခဲ့

ကုမ္ပဏီများတွင် ဝန်ထမ်းများကို ကိုဗစ်– ၁၉ ကာကွယ်ဆေး မဖြစ်မနေထိုးပေးရန် လပေါင်းများစွာ တွန့်ဆုတ်နေခဲ့သည်။ နိုင်ငံရေးနှင့် လူများ၏တုံ့ပြန်မှုကို စိုးရိမ်သည့်အတွက် တွန့်ဆုတ်နေခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း မကြာသေးမီရက်များနှင့် သီတင်းပတ်များအတွင်း နိုင်ငံအတွင်း ကုမ္ပဏီကြီးများတွင် ကာကွယ်ဆေးထိုးလာကြသည်ကို တွေ့ရသည်။ ဝေါမတ်နှင့် ဝေါ့ဒစ္စနေးကုမ္ပဏီတို့သည် ဝန်ထမ်းအချို့ ကာကွယ်ဆေးထိုးရန် လိုအပ်ချက်အသစ်အဖြစ် အကောင်အထည်ဖော်ခဲ့သည်။ အူဘာ၊ ဖေ့စ်ဘွတ်ခ်နှင့် ဂူဂဲလ်ကုမ္ပဏီကြီးများတွင်လည်း အလားတူလုပ်ဆောင်မှုမျိုး လုပ်ဆောင်ခဲ့သည်။

### ကာကွယ်ဆေးထိုးရန် ငြင်းဆန်သူများပြား

အမေရိကန်နိုင်ငံသားများကာကွယ်ဆေးထိုးကြရန် အိမ်ဖြူတော်ကလည်း ကြိုးပမ်းလျက်ရှိသည်။ ဗဟိုအစိုးရဝန်ထမ်းများ၊ နိုင်ငံရေးသမားများ၊ လွှတ်တော်အမတ်များ ကာကွယ်ဆေးထိုးကြရန် သို့မဟုတ် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန်နှင့် လုပ်ငန်းခွင်အတွင်း လူမှုဝေးကွာအစီအစဉ်များအတိုင်း နေထိုင်ကြရန် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ကြေညာခဲ့သည်။ အမေရိကန်တွင် ကာကွယ်ဆေးထိုးရန် ငြင်းဆန်သူများပြားသည့်အတွက် ယခုလိုအခြေအနေ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

### ဆိုးကျိုးများရလာနိုင်ဖွယ်ရှိ

အများစုမှာ ကာကွယ်ဆေးကြောင့် ဖြစ်ပေါ်လာသည့်ဘေးထွက်ဆိုးကျိုးမှာ ရောဂါအခြေအနေထက်ပိုမိုဆိုးရွားမည်ကို စိုးရိမ်သည့်အတွက် ကာကွယ်ဆေးထိုးရန် ငြင်းဆန်ကြသည်။ ဩဂုတ် ၆ ရက်အထိ အမေရိကန်တွင် ကိုဗစ်– ၁၉ ကာကွယ်ဆေး အပြည့်ထိုးပြီးသူ ၁၆၅ ဒသမ ၉သန်းရှိပြီး နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

အိမ်ဖြူတော်မှ ဗဟိုအစိုးရအာဏာကို အသုံးပြုခြင်း သို့မဟုတ် ကာကွယ်ဆေး မထိုးထားသည့် အဖွဲ့အစည်းများကို ရန်ပုံငွေများ မပေးဘဲ ထိန်းချုပ်ထားခြင်းအစရှိသည့် လုပ်ဆောင်မှုများ လုပ် မလုပ်ကိုမူ မသိရသေးပေ။ သို့သော်လည်း လာမည့်နှစ်အတွင်း ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင်မူ နိုင်ငံရေးအရဆိုးကျိုးများ ရလာနိုင်ဖွယ်ရှိသည်။

### စိတ်ဝင်စားဟန်မရှိ

စိန့်ကောလိပ်မှ တွဲဖက်ပါမောက္ခဖြစ်သူ ခရစ္စတိုဖာဂယ်ဒီရီကမူ ဗဟိုအစိုးရအနေဖြင့် တစ်နိုင်ငံလုံးအနှံ့ မဖြစ်မနေ ကာကွယ်ဆေးထိုးရန် အစီအစဉ်ကို မဦးတည်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့အနေဖြင့် ယင်းသို့လုပ်ဆောင်ရန် စိတ်ဝင်စားသည့်ဟန် မရှိဟု ပြောသည်။ ကူးစက်ရောဂါကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သူ ဖောင်စီကမူ ကျောင်းဆရာများ ကာကွယ်ဆေးထိုးရန် အမိန့်ကို ထောက်ခံသည်ဟုပြောသည်။ အမေရိကန်ပြည်ထောင်စုတွင် အပတ်စဉ် ကိုဗစ်– ၁၉ ကူးစက်မှု များ၏ ၁၅ ရာခိုင်နှုန်းမှာ ကလေးများဖြစ်သည်ဟု အမေရိကန်ကလေးအထူးကုဆရာဝန်များ အကယ်ဒမီ၏ အစီရင်ခံစာအရ သိရသည်။

### ဆန္ဒပြမှုများပေါ်ပေါက်ခဲ့

ဩဂုတ် ၁၀ ရက်တွင်လည်း နယူးယောက်မြို့တွင် စားသောက်ဆိုင်များတွင် ဆိုင်ထိုင်စားသောက်ခွင့်၊ အားကစားရုံများတွင် ကစားခွင့်နှင့် အခြားသော ဖျော်ဖြေပွဲများတွင် ပါဝင်ခွင့်တို့အတွက် ကာကွယ်ဆေးထိုးပြီးကြောင်း အထောက်အထားပြသရန် လိုတော့မည်ဖြစ်ကာ ယင်းအမိန့်ကြောင့် ဆန့်ကျင်ဆန္ဒပြမှုများ ပေါ်ပေါက်လျက်ရှိသည်။ ။

**ကိုးကား – ဆင်ဟွာ**

> **"ဩဂုတ်လလယ်ပိုင်းမှစတင်ကာ စားသောက်ဆိုင်များ၊ ဘားများနှင့် အားကစားရုံများတွင် လာရောက်အားပေးသူဖောက်သည်များ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း အထောက်အထားပြသရန် လိုအပ်မည်ဟု နယူးယောက်မြို့တော်ဝန်က ကြေညာသည်။ ဗာဂျီးနီးယားပြည်နယ်မှ အလုပ်သမားများသည်လည်း အပတ်စဉ် ကိုဗစ်– ၁၉ ဆေးစစ်ချက်လက်မှတ်များကို ပြသရန်လိုအပ်"**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## ၁၁-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၈၉၂၁၅ | ၂၉၉၆၆၃၂၁ | ၆၃၄၆၆၂ |
| ၂။ | အိန္ဒိယ | ၃၂၀၃၆၅၁၁ | ၃၁၂၀၉၈၁ | ၄၂၉၁၈၃ |
| ၃။ | ဘရာဇီး | ၂၀၂၃၃၈၈ | ၁၉၀၂၇၂၄ | ၅၆၄၈၉၀ |
| ၄။ | ရုရှား | ၆၅၁၂၈၅၉ | ၅၈၀၈၇၇၇ | ၁၆၇၂၄၁ |
| ၅။ | ပြင်သစ် | ၆၃၃၉၅၀၉ | ၅၇၉၉၂၄၅ | ၁၁၂၃၅၆ |
| ၆။ | ဗြိတိန် | ၆၁၁၇၅၄၀ | ၄၆၉၅၂၉၈ | ၁၃၀၅၀၃ |
| ၇။ | တူရကီ | ၅၉၆၈၈၆၈ | ၅၅၂၆၇၄ | ၅၂၄၃၇ |
| ၈။ | အာဂျင်တီးနား | ၅၀၄၁၄၈၇ | ၄၆၉၁၅၂၃ | ၁၀၈၁၆၅ |
| ၉။ | ကိုလံဘီယာ | ၄၈၄၆၉၅၅ | ၄၆၆၂၆၅၈ | ၁၂၂၇၆၈ |
| ၁၀။ | စပိန် | ၄၆၄၃၄၅၀ | ၃၈၅၅၀၆၇ | ၈၂၂၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၁ – ၈ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၇၄၉၄၄၆ | ၃၂၁၁၀၇၈ | ၁၁၂၁၉၈ |
| ဖိလစ်ပိုင် | ၁၆၈၈၀၄၀ | ၁၅၇၇၂၆၇ | ၂၉၃၇၄ |
| မလေးရှား | ၁၃၂၀၅၄၇ | ၁၀၇၅၈၁၆ | ၁၁၃၇၃ |
| ထိုင်း | ၈၁၆၉၈၉ | ၆၀၀၁၅၂ | ၆၇၉၅ |
| မြန်မာ | ၃၄၁၃၀၀ | ၂၅၆၆၇၁ | ၁၂၄၅၂ |
| ဗီယက်နမ် | ၂၃၂၉၃၇ | ၈၀၃၄၈ | ၄၁၄၅ |
| ကမ္ဘောဒီးယား | ၈၃၃၈၄ | ၇၇၇၅၄ | ၁၆၁၄ |
| စင်ကာပူ | ၆၅၉၅၃ | ၆၄၁၅၂ | ၄၂ |
| လာအို | ၉၁၆၁ | ၄၂၄၀ | ၈ |
| ဘရူနိုင်း | ၄၄၀ | ၃၁၄ | ၃ |

* ကျောဖုံးမှ

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၆၃၂) ခု | (၆၉၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၇) ခု | (၅၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၀) ခု | (၅၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၆) ခု | (၃၂) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၄၀) ခု | (၃၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၂၆) ခု | (၉၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၄၃) ခု | (၅၆၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၃၂၃) ခု | (၂,၁၉၄)ဦး |
| စုစုပေါင်း | (၁၃,၇၆၇) ခု | (၃,၇၃၉)ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ မိမိတို့နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါ တစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (ကိုဗစ်–၁၉) မိမိကစ၍ ကာကွယ်ပါ

ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို "ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ" ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည် –

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ တပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့် (၂၀)ကြာ မကြာခဏ စနစ်တကျဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့် နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုရိုနာဗိုင်းရပ်စ်ရောဂါ သံသယလက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ၊

(၁၃) အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ မတပ်ဆင်ခြင်းနှင့် လူစုလူဝေးပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

(၉-၇-၂၀၂၁)



တတ်နိုင်သမျှ

မိမိအိမ်တွင်သာ

နေပါ

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်ရန် အသိပေးကြေညာချက်

၁။ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund) ကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် အောက်ပါအတိုင်း ဖွင့်လှစ်ထားပါသည်-

(က) **ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)။**

၎င်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် ၃၃၈ ဘီလီယံခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို ထည့်သွင်းထားပါသည်။

(ခ) **ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733)။**

၎င်းစာရင်းတွင် နိုင်ငံတော်မှမတည်ရန်ပုံငွေကျပ် သန်း ၁,၀၀၀ ကို ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012) သို့ မည်သည့်နိုင်ငံခြားငွေ အမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733) သို့ မြန်မာကျပ်ငွေဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းသူများအနေဖြင့် ပြည်တွင်းနေရာဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် အခြားပြည်တွင်း ပုဂ္ဂလိကဘဏ် အသီးသီးတို့တွင် အထက်အပိုဒ် ၁ (က) နှင့် (ခ) ပါ ငွေစာရင်းအမှတ်များကို ဖော်ပြလှူဒါန်းနိုင်ပါသည်။

၄။ အလှူရှင်စာရင်းကို မှတ်တမ်းထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက email: treasury05@365mopf.gov.mm, treasury10@365mopf.gov.mm သို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်း လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၄၅၀၄၅၅၂၃၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၈ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၂၅၄၅၅၈၄၂၄ |

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးမြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံများမှ အလုပ်သမားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများ သွားရောက်ကြည့်ရှုအားပေး

ပဲခူး ဩဂုတ် ၁၁

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်းရှိ စက်ရုံ/ အလုပ်ရုံများမှ အလုပ်သမားများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများကို သွားရောက်ကြည့်ရှု အားပေးသည်။**



**အပြည်အဝထိုးနှံရေး**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့နယ် စက်မှုဇုန်နယ်မြေအတွင်းရှိ စိန်ဟသ်ာစားသောက်ကုန် ထုတ်လုပ်သည့် စက်ရုံ၌ အလုပ်သမားဦးရေ ၁၅၀၊ Gread Men and Bell Mart အထည်ချုပ်စက်ရုံရှိ အလုပ်သမားဦးရေ ၂၀၀ ခန့်နှင့် PungKook လက်ကိုင်အိတ်နှင့် ကျောပိုးအိတ် ထုတ်လုပ်သည့် စက်ရုံရှိ အလုပ်သမားဦးရေ ၁၅၀၀တို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac ထိုးနှံပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ရာ ကာကွယ်ဆေးထိုးနှံသည့် စုရပ်များတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအတိုင်း လိုက်နာနိုင်ရေးနှင့် စက်ရုံ/အလုပ်ရုံ အလုပ်သမားများသည် စီးပွားကုန်ထုတ်လုပ်ငန်းများ၏ အဓိကကျသည့် အုပ်စုဖြစ်သဖြင့် ကာကွယ်ဆေးရရှိသည့် အရေအတွက်အတိုင်း အပြည့်အဝထိုးနှံ ပေးနိုင်စေရေးနှင့် သတ်မှတ်ရက်အလိုက် ကာကွယ်ဆေးထိုးနှံရန် ရေးဆွဲထားသည့် စက်ရုံစုရပ်များကို အချိန်နှင့်တစ်ပြေးညီ ထိုးနှံပေးသွားရန် မှာကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူး တက္ကသိုလ်ဆေးရုံ၌ အောက်ဆီဂျင်လိုအပ်သော ကိုဗစ်- ၁၉ ရောဂါပြင်းထန်လူနာ ၆၁ဦး တက်ရောက်ကုသနိုင်ရန် အောက်ဆီဂျင်ပိုက်လိုင်းများ သွယ်တန်းပြီးစီးမှုနှင့် Flow Meter ၆၁ခု တပ်ဆင်ပြီးစီးမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လူနာများ မရောက်ရှိမီ ဆေးရုံသန့်ရှင်းရေး အပြီးသတ် ဆောင်ရွက်သွားရန်နှင့် ကိုဗစ်-၁၉ ရောဂါ လူနာများတွက် အောက်ဆီဂျင် ပြတ်လပ်မှု မရှိစေရေး အောက်ဆီဂျင်အိုးများ သယ်ယူ/ပို့ဆောင်မည့် မော်တော်ယာဉ် တစ်စီး စီစဉ်ပေးခဲ့ပြီး Oxygen Concentrator လေးလုံးအား ပဲခူးဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်သို့ လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းနှင့် စေတနာ့ ဝန်ထမ်းများအတွက် အသင့်သောက် မြန်မာ့ရိုးရာလက်ဖက်ရည်ထုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**တိုးချဲ့လူနာဆောင်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ အထွေထွေ ရောဂါကုဆေးရုံကြီး အနီးရှိ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့ရုံးဟောင်းကို ရောက်ရှိခဲ့ပြီး ယင်းအဆောက်အအုံအား တိုးချဲ့လူနာဆောင်အဖြစ် ဆောင်ရွက်နိုင်ရေးနှင့် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ ဂျိုးသိန်းနှစ်ထပ် လူနာဆောင်ကို အောက်ဆီဂျင် ပိုက်လိုင်း အခု ၄၀၊ Flow Meter အခု ၄၀ တပ်ဆင်နိုင်ရေးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**တင်စိုး(ပဲခူး)**

# ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသားများ မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်



မြဝတီ ဩဂုတ် ၁၁

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ဩဂုတ် ၁ ရက်မှစတင် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ၁၉၉ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများကို အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ စစ်ဆေးဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများ မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်မှ နေရပ်ပြန်များအား ကိုဗစ်-၁၉ ရောဂါပိုးရှိ မရှိ ချက်ချင်းစစ်ဆေးပေးမည်ဖြစ်ကာ ရောဂါပိုးရှိသူများအား မြဝတီမြို့ မဲကနယ် ကိုဗစ်စင်တာတွင် ကုသမှု ခံယူစေမည်ဖြစ်ပြီး ရောဂါပိုးမရှိသူများအား ကျောက်လုံးကြီး ကွာရန်တင်းစခန်းတွင် ၁၀ရက် ကန့်သတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အခြားသက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ နေရပ်ပြန်ကို သီးသန့်မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာနေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ရောဂါစစ်ဆေးခြင်းနှင့် ကန့်သတ်စောင့်ကြည့်ခြင်းတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစီအစဉ်များဖြင့် ဆောင်ရွက်သွားမည် ဖြစ်သည်။

ယနေ့ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၁၅ ဦး၊ အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၁၉၉ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# သန်လျင်မြို့နယ်ရှိ ပုဂ္ဂလိကပိုင် မွေးမြူရေးစခန်းများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၁**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုး မွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှုရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာအုပ်စုရှိ ပုဂ္ဂလိကပိုင် မဟာနန်းတော် ဆိတ်မွေးမြူရေးခြံနှင့် တဲပြာနို့စားနွားမွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှု၍(ယာပုံ) တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဘော့ချောင်းကျေးရွာ၌ ရန်ကုန်တိုင်းဒေသကြီး ငါးမွေးမြူရေးဦးစီးဌာနမှ ပြုလုပ်သည့် ငါးမျိုးစိုက်ထည့်ပွဲသို့ တက်ရောက်၍ ဘော့ချောင်းအတွင်းသို့ ငါးမြစ်ချင်းအကောင်ရေ ၆ သိန်းကျော် ငါးမျိုးစိုက်ထည့်ခြင်းဆောင်ရွက်ခဲ့ပြီး စစ်ပင်ကွင်း ကျေးရွာရှိ နည်းပညာပေးရေးစခန်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပြုလုပ်သည့် ဒေသခံတောင်သူများအား ပင်လယ်ကိုးသွယ် ကုမ္ပဏီက စိုက်ပျိုးစရိတ်ငွေနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် ဆက်လက်ဆောင်ရွက်ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။



ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြု ပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၀၄ ဦးနှင့် အမျိုးသမီး ၁၈၅ ဦး စုစုပေါင်း ၃၈၉ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ကိုးဦး၊ အမျိုးသမီး လေးဦး၊ စုစုပေါင်း ၁၃ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၂၅၆ ဦးနှင့် အမျိုးသမီး ၂၂၈ ဦး စုစုပေါင်း ၄၈၄ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၈၆ ဦးနှင့် အမျိုးသမီး ၅၉ ဦး စုစုပေါင်း ၁၄၅ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ တက္ကသိုလ်၌ ကိုဗစ်- ၁၉ အတည်ပြုပိုးတွေ့ လူနာများထားရှိရန် ကုသဆောင်များနှင့် သီးသန့်စောင့်ကြည့်လူနာများ ထားရှိရန်အတွက် Quarantine Center များဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ (ဝဲပုံ) လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေး အထောက်အကူပြုဆေးဝါးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၁၁**

ရန်ကုန်မြို့ စကားဝါလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုဆေးသိုလှောင်ရေးဌာန (CMSCC)မှ အထောက်အကူပြု ဆေးဝါးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ တပ်မတော်(လေ) ပို့ဆောင်ရေးလေယာဉ်ဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ပို့ဆောင်ပေးသည်။

အဆိုပါ ဗဟိုဆေးသိုလှောင်ရေးဌာန (CMSCC) မှ ပို့ဆောင်ပေးသောဆေးဝါးများတွင် စက္ကူတစ်ဖာလျှင် ပါရာစီတမောဆေးကတ် အရေအတွက် ၂၀၀၀ ပါဝင်သော စက္ကူ ဖာ ၂၀၊ စက္ကူတစ်ဖာလျှင် Multivitamin ဆေးကတ် အရေအတွက် ၄၈၀၀၀ ပါဝင်သော စက္ကူဖာ ၄၈ ဖာနှင့် အခြားအထောက်အကူပြု ပစ္စည်းများအပါအဝင် ကုန်ချိန် ၄၇၄၂ ကီလိုဂရမ်ကိုပို့ဆောင်ပေးရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်းနှင့် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အလားတူ တရုတ်နိုင်ငံမှ ရောက်ရှိနေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac များကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၌ ထားရှိရာ အဆိုပါဆေးပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့သို့ ကိုဗစ်-၁၉ ကာကွယ်ဆေး Sinovac ၃၆၅၆၈ လုံးနှင့် မန္တလေးမြို့သို့ ကိုဗစ်-၁၉ ကာကွယ်ဆေး sinovac ၉၇၅၂၂ လုံးတို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်များဖြင့် ဆက်လက်ဖြန့်ဖြူးပေးသည်။

ထို့ပြင် ဝေးလံခေါင်းပါးသောဒေသများသို့ တပ်မတော်လေယာဉ်များနှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်းခရီးစဉ်များဖြင့် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၁၁

**ပြည်သူလူထုအတွက် အဓိက အကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၉၂၀၅ ဦးနှင့် အတွင်းလူနာပေါင်း ၈၁၈၅၉ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။**

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၂၉၆၇ ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၇၀၀၉ ဦး၊ စုစုပေါင်း ၁၉၉၇၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၇၅၂ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၃၈၀ ကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၆၁၃၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၁၁**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် သယ်ယူ ပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အသက် ၆၅ နှစ်နှင့်အထက်သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၉၁၆ ဦးတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် မိုင်းဆတ်မြို့နယ်များအတွင်းရှိသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၁၈၄၀ ကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်နှင့် ကျွန်းစုမြို့နယ်များမှ အသက် ၆၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၅၆၁ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ငါးမြို့နယ်တို့မှ အသက် ၆၅ နှစ်နှင့် အထက်သက်ကြီးဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၀၄၀ တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၆ မြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၉၇၂ ဦးတို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ခြောက်မြို့နယ်မှ အသက် ၆၅ နှစ် နှင့်အထက် သံဃာတော်များ၊ သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၆၉၀တို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ခုနစ်ခရိုင်ရှိ မြို့နယ်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ အသက် ၆၅ နှစ် နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၁၁၂၅၇ ဦးတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ငါးမြို့နယ်မှ အသက် ၆၅နှစ်နှင့် အထက် သံဃာတော်များ၊ သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၁၅၀တို့ကို လည်းကောင်း၊ တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်း ဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၁**
တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့ရှိ မဟာသုမေဓာရာမတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက်ရှိ ရွှေဥမင်တောရကျောင်းတိုက်၊ မှော်ဘီမြို့နယ် မင်းရွာကျေးရွာရှိ မင်းရွာ ရွာလယ်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ကိုးသောင်းရပ်ကွက်ရှိ သာသနာ့မင်္ဂလာ ဘုန်းတော်ကြီးကျောင်းနှင့် နဝဒေးရပ်ကွက်ရှိ ဝက်ပါ ဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး၊ ပြည်နယ် မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှု မြင်ကွင်းများ



မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်။ ဥာဏ်တိုး



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်။ အောင်အောင်



ချင်းပြည်နယ် ရိခေါဒါရ်မြို့။ ပက်ကာ



ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်။ စန္ဒာမိုး



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်။ မျိုးဝင်းညို



ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်။ မြို့နယ်(ပြန်/ဆက်)

# ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည် ကာလအတွင်း နေ့စဉ်ရုံး ပိတ်ရက်မရှိ လွယ်ကူ ချောမွေ့စွာ စစ်ဆေးထုတ်ပေး လျက်ရှိရာ ၁၁-၈-၂၀၂၁ ရက်နေ့၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၇၈ ခုမှ Connection Tube အခု ၁၀၀၀၊ Enoxaparin Sodium Injection အခု ၈၉၈၀၀၊ Extraction/Safety Lancet အခု ၁၀၀၊ Flow meter ၂၆၅၁ခု၊ Getein 1100 Immunofluorescence Quantitative Analyzer သုံး ခု၊ Humidification Bottle အခု ၁၀၀၀၊ Intake Filter အခု ၁၀၀၀၊ Oxygen Cannula အခု ၁၁၀၀၀၊ Oximeter ၂၇၉၈၅ ခု၊ Oxygen Bag အခု ၆၀၊ Oxygen Concentrator ၂၅၃၂ ခု၊ Oxygen Filter အခု ၁၈၀၊ Oxygen Mask အခု ၁၀၉၅၀၊ Oxygen Regulator အခု ၂၃၆၀၊ Rosino Greatest Injection အခု ၅၈၆၀၀၊ Oxygen Concentrator Spare parts အခု ၂၀၀၀၊ Test Kit ၇၂၂၆ ခု၊ Thermometer အခု ၂၀၀၀၀၊ Veri-Q COVID-19 Antibody Rapid Test အခု ၃၀၀၀၊ ရန်ကုန် ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့် အခြား ဆေးမျိုးစုံ ၁၈၆၃၈၅.၇၀၂Kg၊ နယ်စပ်(မူဆယ်၊ ချင်းရွှေဟော်၊ တာချီလိတ်၊ မြဝတီ) တွင် ကုမ္ပဏီ ၃၈ ခုမှ ၊Oxygen Cylinder ၅၄၁၈ ခု၊ Oxygen Concentrator ၆၈၉ ခု၊ Mask ၄၈၈၃၈ Kg၊ Liquid Oxygen ၁၄၁၀၀.၅ $m^3$၊ Flow meter ၈၀၉၈ ခု၊ PPE ၁၁၂၀၀၊ Oximeter ၃၀၄၀၅ ခု၊ Oxygen Plant နှစ်ခု၊ Sodium Chloride Injection ၂၀၀၀ Kg၊ Nasal Cannula ၆၅၀၀ ခု၊ Liquid Oxygen (၁၆ . ၂) တန်၊ Oxygen Mask ၁၀၀၂၀၀၊ Oxygen Regulator အခု ၃၈၆၀၊ Oxygen Cylinder Trolley အခု ၄၀၊ Surgical Gown ၂၂၀၀ Kg ၊ Thermometer ၄၂၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၀၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၀၁၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၄၀ | ကျပ် | ၁၀၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၉၅ | ကျပ် | ၁၁၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၁၅ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၄၆ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၂၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၀ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၃၃၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၅ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၈ . ၂၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၁၁၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၁၂၅၅ | ၁၁၁၇၀၆၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၁၉၀ | ၆၁၈၀၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၀ | ၁၅၄၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၆ | ၁၈၆၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅ | ၂၅၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၈-၂၀၂၁ ကြာသပတေးနေ့

**MRTV HD**

- **၀၆:၀၀** ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၄၀** ပြည်သူ့နီတိ 'အတုမြင်အတတ်သင်'
- **၁၃:၀၀** အတွေးအမြင်(အပိုင်း-၆)
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သင်္ချာဘာသာရပ်'
- **၁၆:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
- **၁၇:၀၅** Soccer View
- **၁၇:၃၅** လူမှုစီးပွားမြင်ကွင်းများ
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၂၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၄၃)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၂၀)
- **၂၂:၃၀** ပြည်သူ့နီတိ 'ဆရာရှိသည်'

**mitv**

- **07:01** News
- **07:26** Tahbuhla Dam & Oakkan Chaungtha
- **07:37** Five Tooth Relic Enshrined Pagodas
- **07:50** Kindhearted Pet Lovers
- **08:01** Discovering Tribes: Khamti Shan (Part-I)
- **08:27** Myanmar Childhood Games (Episode-2)
- **08:35** The Third Prize Winner
- **08:51** Kyeikhteeyoe: Welcome All
- **09:00** Karaweik Palace - A Symbol Of Glorious Myanma Culture
- **09:17** Ywar Thit's Monhinkhar
- **09:31** Paper Products... Plain but Pretty
- **09:52** Writer
- **10:01** Myanmar Delicate Artistic Creations - Gem Stone Painting
- **10:48** Toddy Palm Product Shop

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားတိုင်းရင်းသားယဉ်ကျေးမှုနှင့်ကေးလျားရွာ

**စကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဂန္ထဝင်ဆန်တဲ့အချစ်(အပိုင်း-၁)(ဇာတ်လမ်း)

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
စားလို့ကောင်းတဲ့ရဲယိုရွက်ငါးပေါင်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၄)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
နွေးထွေးသည့်လုပ်ဘန်းရွာသို့ အလည်တစ်ခေါက်(အပိုင်း-၂)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ထန်းပင်ပေါ်ကတို့ဖေဖေ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
သဲပုံစေတီပွဲတော်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
'ဝ' စာပေစကားပြောကြရအောင်(အပိုင်း-၁)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ကချင်ချောင်းသာသို့အလည်တစ်ခေါက်

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
- **၁၁:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကိုဗစ်-၁၉ ရောဂါ ကုသမှုဌာနများတွင် စနစ်တကျလိုက်နာကုသမှုခံယူခြင်းဖြင့် ကျန်းမာစွာပြန်လည်ဆုံတွေ့ကြပါစို့

— — *ကိုဇေ* — —

**ယခုလို ကိုဗစ်-၁၉ တတိယလှိုင်းကာလမှာ ကူးစက်မှုများပြားသည့်အလျောက် ရောဂါပြင်းထန်မှုအနည်းအများအလိုက်ကုသမှုပေးနိုင်မည့် နေရာမျိုးစုံစီစဉ်ပြီး ဆေးကုသမှုပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ပုံမှန်အခြေအနေများမှာကဲ့သို့ ရောဂါဖြစ်ရင် ဆေးရုံတက်ဆေးကုသမှုခံယူရတာမျိုး မဟုတ်တော့ဘဲ လူနာအရေအတွက် အဆမတန် များပြားသည့်အပြင် ကူးစက်ရောဂါဖြစ်တဲ့အတွက်ကြောင့် စင်တာများဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနေရပါတယ်။ အဲဒီလို ဆေးရုံပတ်ဝန်းကျင် အနေအထားမျိုး မဟုတ်တဲ့အပြင် လူနာများသည်လည်း သာမန်ရောဂါခံစားနေရသူမျိုးမဟုတ်ဘဲ ကူးစက်ရောဂါရှိနေသူများ ဖြစ်ခြင်းကြောင့် ၎င်းစင်တာများမှာ ဆေးကုသမှုခံယူနေသူများအနေနဲ့ နေထိုင်လိုက်နာရမည့် စည်းကမ်းချက်များဟာ တစ်မူထူးခြားပါတယ်။**



လူဦးရေများများကို အကန့်အသတ်ရှိနေတဲ့ နေရာမှာ နေထိုင်စားသောက်ရေး၊ ကုသမှုပေးနိုင်ရေး ဆောင်ရွက်ပေးထားရတာ ဖြစ်တဲ့အတွက် သာမန်နှင့်မတူတဲ့ အခက်အခဲတွေ သည်းခံနေထိုင်ရမှုတွေ ရှိနေမှာလည်း ဖြစ်ပါတယ်။ ကူးစက်ရောဂါကုစင်တာများရဲ့ အဓိကရည်ရွယ်ချက်များကတော့ ပိုးကူးစက်ခံရသူရဲ့ ကျန်းမာရေးကို စောင့်ကြည့်ပြီး လိုအပ်တဲ့ ကုသမှုမျိုးတွေကို အချိန်မဆိုင်းဘဲပေးနိုင်ရန်နှင့် ပိုးကူးစက်ခံနေရသူကနေတစ်ဆင့် လူအများကို မကူးစက်နိုင်ရေး သီးခြားခွဲခြားထားရန်တို့ဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် မိမိအတွက်ရော မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွက်ပါ ၎င်းစင်တာများမှာ သွားရောက်ကုသမှုခံယူခြင်းဟာ ကောင်းပါတယ်။

ခုလိုလူအများ စုဝေးနေထိုင်ရတဲ့ (camp) ပုံစံမျိုးမှာ အနည်းဆုံး ၁၀ ရက်လောက် နေထိုင်ရတဲ့အပြင် ရောဂါကူးစက်ခံထားရတဲ့ အနေအထားဖြစ်သဖြင့် တခြားသည်းခံနေထိုင်ရမှုတွေအပြင် အရေးကြီးဆုံးဖြစ်တဲ့ မိမိအနေနဲ့ ရောဂါကိုအမြန်ဆုံးတိုက်ထုတ်နိုင်ရေးနှင့် မိမိမှတစ်ဆင့် တခြားသူတွေကို မကူးစက်နိုင်ရေး၊ ၎င်းစင်တာတွေမှာ ကာလရှည်တာဝန်ထမ်းဆောင်နေရတဲ့ စေတနာ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းတွေကို မကူးစက်စေရေးတို့အတွက် အဆိုပါစင်တာများမှာ ကျန်းမာရေးနဲ့ ညီညွတ်စွာ ဘယ်လိုနေထိုင်ရမယ် ဆိုတာကို မျှဝေပေးချင်ပါတယ်။

**(၁) ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် လိုက်နာရမည့် အချက်များ**

ကိုဗစ်-၁၉ ကုသမှုစင်တာတွေမှာ နေထိုင်သူများအနေနဲ့ မိမိအတွက် သတ်မှတ်ထားတဲ့ နေရာအခန်းမှာသာ နေရပါမယ်။အခြားခန်းတွေကို သွားရောက်လည်ပတ်တာ၊ တခြားသူ နေရာများကို သွားရောက်တာ၊ စုဝေးစားသောက်တာ၊ စုဝေးတွေ့ဆုံ စကားပြောတာတွေကို ရှောင်ကြဉ်ရပါမယ်။ မလွှဲရှောင်နိုင်တဲ့ အခြေအနေအရ အခြားလူတွေနဲ့ ဆက်ဆံတဲ့အခါမှာ ပါးစပ်၊ နှာခေါင်းစည်း (Mask) တပ်ဆင်ပြီး အနည်းဆုံး ခြောက်ပေအကွာမှာ နေသင့်ပါတယ်။ လက်ကိုလည်း ဆပ်ပြာနဲ့ဖြစ်စေ၊ အရက်ပြန်အယ်(လ်)ကိုဟော ၆၀ ရာခိုင်နှုန်း ပါဝင်တဲ့ လက်သန့်ဆေးနဲ့ဖြစ်စေ မကြာခဏ စနစ်တကျဆေးသင့်ပါတယ်။ အစာစားခြင်းနဲ့ အရည်သောက်ခြင်းများအတွက် ပန်းကန်ခွက်ယောက်ကို သီးသန့်ခွဲသုံးသင့်ပါတယ်။

**ဆေးဝါးတွေ အချိန်မှန်သောက်ရန်**

အများသုံးပစ္စည်းတွေ မကိုင်တွယ်မီနဲ့ ကိုင်တွယ်ပြီးတိုင်း၊ အိမ်သာအသုံးပြုပြီးတိုင်း၊ အစာမစားမီနဲ့ စားပြီးတိုင်း၊ နှာချေ၊ ချောင်းဆိုးပြီးသည့်အခါတိုင်း၊ ပါးစပ်၊ နှာခေါင်းစည်း (Mask) ကို မကိုင်မီနဲ့ ကိုင်ပြီးတိုင်း လက်ကို စနစ်တကျ ဆေးကြောရပါမယ်။ အသုံးပြုပြီးတဲ့ ပါးစပ်၊ နှာခေါင်းစည်း (Mask)၊ တစ်ရှူး၊ ရေသန့်ဘူး စတဲ့တစ်ခါသုံးပစ္စည်းတွေကိုလည်း အမှိုက်ပုံးထဲမှာ စနစ်တကျ စွန့်ပစ်ရမှာဖြစ်ပါတယ်။ စည်းကမ်းမဲ့ တံတွေးထွေးတာ၊ အမှိုက်ပစ်တာမျိုးကို ရှောင်ကြဉ်ရပါမယ်။ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများက လမ်းညွှန်ထားတဲ့ ဆေးဝါးတွေကို အချိန်မှန်သောက်ရန်လည်း လိုအပ်ပါတယ်။

❂ အသုံးပြုပြီးတဲ့ ပါးစပ်၊ နှာခေါင်းစည်း (Mask)၊ တစ်ရှူး၊ ရေသန့်ဘူး စတဲ့တစ်ခါသုံးပစ္စည်းတွေကိုလည်း အမှိုက်ပုံးထဲမှာ စနစ်တကျ စွန့်ပစ်ရမှာဖြစ်ပါတယ်။ စည်းကမ်းမဲ့ တံတွေးထွေးတာ၊ အမှိုက်ပစ်တာမျိုးကို ရှောင်ကြဉ်ရပါမယ်။ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများက လမ်းညွှန်ထားတဲ့ ဆေးဝါးတွေကို အချိန်မှန်သောက်ရန်လည်း လိုအပ်ပါတယ်

**(၂) တစ်ကိုယ်ရေ ကျန်းမာရေးအခြေအနေ တိုးတက်လာစေရန် လိုက်နာသင့်သည့်အချက်များ**

ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများအနေနဲ့ တချို့လည်း မည်သည့်လက္ခဏာမျှ မခံစားသူများရှိသလို တချို့သည်သာမန်ဖျားနာလောက်သာ ခံစားကြရပြီး တချို့သည်လည်း အောက်ဆီဂျင်ရှူဆေးထိုး ဆေးသောက်လုပ်မှပြန်လည်သက်သာလာနိုင်သူများ၊ တချို့လည်း ပြင်းထန်အဆုတ်ရောင်ရောဂါနဲ့ တခြားနောက်ဆက်တွဲရောဂါများ ခံစားရကာ တိမ်းပါးရသူများလည်း ရှိတတ်ပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ရောဂါ ကုသမှုစင်တာများတွင် ကုသမှု ခံယူနေသူများအနေနဲ့ ပေါ့ဆမှုမရှိဘဲ မိမိခန္ဓာကိုယ်ကို အစဉ်သတိထားစောင့်ကြည့်ကာ ကျန်းမာရေးတိုးတက်စေမည့်၊ ကိုယ်ခံစွမ်းအားတိုးတက်စေမည့် အောက်ဖော်ပြပါအပြုအမူ အနေအထိုင်မျိုးတွေကို လိုက်နာကြဖို့လိုပါတယ်။

- ကောင်းစွာအနားယူပါ၊ အခြားသူများနှင့် ခပ်ခွာခွာနေပါ။
- ရေဓာတ်အလုံအလောက်ရှိသော အရည်များများသောက်ပါ၊ အခြားသူများနှင့်အတူ အခန်းအတွင်း ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်းတပ်ထားပါ။
- အသက်ရှူလေ့ကျင့်ခန်းလုပ်ပါ။
- ကိုယ်ခံအားကောင်းအောင် စားပါ၊ အသီးအနှံစားသုံးပါ။
- အားဆေးများ အမြဲသောက်ရန်မလိုအပ်ပါ။
- ဆီးဝမ်းမှျတစေရန်နေထိုင်ပြုမူပါ။
- ကိုယ်ပူ၍ ကိုယ်လက်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်းများအတွက် ပါရာစီတမောသောက်ခြင်းမှလွဲ၍ ဆေးများကို ကိုယ်တိုင်ဆုံးဖြတ်၍သောက်ခြင်းကို ရှောင်ကြဉ်ပါ။
- မလိုအပ်ဘဲ အွန်လိုင်းမှ ကြော်ငြာသောဆေးများ၊ ဓာတ်စာကဲ့သို့စတီးရွိုက်ဆေး၊ ပိုးသတ်ဆေးများကို မိမိသဘောအတိုင်း မသုံးစွဲရပါ။ ဆေးယဉ်ပါးပြီး ဘေးထွက်ဆိုးကျိုးများပါသည်။
- ဝမ်းပျက် ဝမ်းလျှောဖြစ်ပါက (ORS) ဓာတ်ဆားကို ရေသန့် ၁ လီတာနှင့် ဖျော်သောက်ပါ။(၂၄ နာရီအတွင်းသောက်ရမည်)
- လည်ပင်းနာလျှင် ဆားရည်ငုံပါ။ ဆားရည်ပလုတ်ကျင်းပါ။ ရေများများသောက်ပါ။
- အဖျားကြီးခြင်း၊ မောပန်းအသက်ရှူရကျပ်ခြင်း၊ မူးဝေခြင်းနှင့် အိပ်ငိုက်ခြင်း၊ မှိန်းခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ နှုတ်ခမ်း (သို့) မျက်နှာပြာလာခြင်း၊ လေဖြတ်သကဲ့သို့ ခံစားရခြင်း၊ ခြေထောက်သွေးကြောများ တစ်လျှောက်နာကျင်ခြင်း၊ ခြေသလုံးများ ရောင်လာခြင်း စသည့်ထူးခြားသည့် လက္ခဏာများခံစားလာရပါက သက်ဆိုင်ရာ ကျန်းမာရေးတာဝန်ရှိသူထံ သတင်းပို့ပါ။

**ပြုမူနေထိုင်သင့်**

ကိုဗစ်-၁၉ ကုသမှုစင်တာများတွင် တက်ရောက်ကုသမှုခံယူနေသူ ကိုဗစ်-၁၉ လူနာတစ်ဦးဟာ အထက်မှာပြောခဲ့တဲ့ နည်းလမ်းတွေအတိုင်း ပြုမူနေထိုင်သင့်ပါတယ်။ ၁၀ ရက်ကြာ နေထိုင်ပြီးသည့်နောက်မှာ အနည်းဆုံး ၂၄ နာရီအတွင်း အဖျားမရှိသူ၊ ရောဂါလက္ခဏာတွေ လျော့နည်းသက်သာလာသူ၊ ရောဂါလက္ခဏာမပြတဲ့သူတွေဟာ ဆိုရင်တော့ ကုသမှုစင်တာများမှ မိမိနေအိမ်များသို့ ပြောင်းရွှေ့ပြီး ပြန်လည်နေထိုင်နိုင်မှာ ဖြစ်ပါတယ်။ နေအိမ်တွေမှာ ၇ ရက်ခန့် နားနေပြီးတဲ့အခါမှာ ပုံမှန်အတိုင်း လူနေမှုဘဝတွေကို ပြန်လည်ပြုမူ နေထိုင်နိုင်မှာ ဖြစ်ပါတယ်။

ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဘေး အန္တရာယ်ကို စုပေါင်းတိုက်ဖျက်လျက်ရှိရာမှာ သိပ္ပံနည်းကျ ဖော်ထုတ်တွေ့ရှိထားတဲ့ ဖော်ပြပါ ကာကွယ်ရေး နည်းလမ်းများ၊ ရောဂါလျော့ပါးသက်သာစေရေး နည်းလမ်းများ၊ ကုသရေးနည်းလမ်းများကို ယုံယုံကြည်ကြည်ဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကပ်ရောဂါဆိုးကြီးကို တွန်းလှန်ကာ ကျန်းမာစွာ ပြန်လည်ဆုံတွေ့နိုင်ကြမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်- ၁၉ ကုသရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အလှူငွေများပေးအပ်

**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေပေးအပ်မှုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ပွဲကို ဩဂုတ် ၉ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ယခုအချိန်တွင် ကိုဗစ်- ၁၉ ရောဂါ ကပ်ရောဂါဆိုးကြီးကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်တွင် ယခုလို စေတနာရှင် မိဘပြည်သူများက လှိုက်လှိုက်လှဲလှဲ မိမိတို့တတ်နိုင်သလောက် ငွေကြေး အကူအညီများပေးပို့လှူဒါန်းသည့် အလှူရှင်များအား အထူးပင် ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ အလှူဒါန ပြုသည်မှာ အမှန်တကယ် လိုအပ်နေချိန်မှာ ကူညီပေးခြင်းဟာ ရရှိခံစားသူအတွက်ရော လှူဒါန်းသူအတွက်ပါ နှစ်ဦးနှစ်ဖက်လုံး အကျိုးရှိတဲ့ လုပ်ရပ်တစ်ခုဖြစ်တာကြောင့် လှူဒါန်းမှုအစုစုတို့အတွက် စေတနာရှင်များအားလုံးကို တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားကာ အလှူရှင်များကိုယ်စား မြန်မာဝမ်ပေါင်ကုမ္ပဏီမှ ဦးခင်မောင်မြင့်က ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများတွင်အသုံးပြုရန်အတွက် အလှူငွေများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများထံ ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ တိုင်းဒေသကြီးအစိုးရ




အဖွဲ့ကိုယ်စား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ အလှူရှင် ၃၃၉ ဦးမှ ငွေကျပ် ၆၅၄၈၅၇၀၀၀ နှင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်းမှုအနေဖြင့် Oxygen Concentrator ၁၇ လုံး အတွက် တန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၊ Tesk Kit အခု ၂၀၀၀ အတွက်တန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ နှင့် စုစုပေါင်းလှူဒါန်းငွေကျပ် ဖ၇၄၈၅၇၀၀၀ (ခြောက်ထောင်ခုနစ်ရာ လေးဆယ့်ရှစ်သိန်းငါးသောင်းခုနစ်ထောင်) ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများအား စားစရာနှင့် ထောက်ပံ့ငွေများ ပေးအပ်



**တောင်ကြီး ဩဂုတ် ၁၁**

ကိုဗစ်- ၁၉ရောဂါပိုးများသည် ကူးစက်နှုန်းများ ပြန့်ပွားလျက်ရှိပြီး ရောဂါဖြစ်ပွားသူဦးရေများပြားလာ၍ ရောဂါပိုးကူးစက်ပြန့်ပွားမှုနှုန်း လျော့နည်းကျဆင်းစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သတ်မှတ်မြို့နယ်များကို နိုင်ငံတော်မှ Stay at home များ သတ်မှတ်ပေးခြင်းနှင့် အစိုးရဌာနများကိုလည်း ဩဂုတ်လ ၁၅ ရက်အထိ ရုံးပိတ်ရက်အဖြစ် ကြေညာပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်- ၁၉ ရောဂါပိုးများ ကူးစက်မှုနှုန်း လျော့နည်းကျဆင်းစေရန် အစိုးရဌာနရုံးများ ပိတ်သော်လည်း မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများက အစိုးရရုံးဌာနနှင့် အများပြည်သူများအတွက် အချိန်နှင့် တစ်ပြေးညီ ငွေသွင်း၊ ငွေထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိရာ ဝန်ထမ်းများအတွက် ယမန်နေ့က တောင်ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က စားစရာနှင့်ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေကျပ် ၂၂ သိန်း ၄ သောင်း ပေးအပ်ရာ မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်မန်နေဂျာက လက်ခံယူပြီး ပြည်နယ်ဝန်ကြီးများက ကြက်ဥ၊ ခေါက်ဆွဲခြောက် ၊ နှာခေါင်းစည်းအခုရေ တစ်သောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ဝန်ထမ်းများအား လိုက်လံကြည့်ရှု အားပေးစကား ပြောကြားသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ အလှူငွေ၊ ရောဂါကာကွယ်ရေးဝတ်စုံနှင့် အောက်ဆီဂျင်အိုးများ လှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဩဂုတ် ၉ ရက်က ရောက်ရှိလာသည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ဆေးရုံ အရေးပေါ်ဌာနရှေ့၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရောဂါကာကွယ်ရေး ဝတ်စုံအစုံ ၁၀၀ ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အေးနိုင်က လက်ခံယူပြီး အလှူငွေကျပ်ငါးသိန်း ပေးအပ်ရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းက လက်ခံယူသည်။

ဆက်လက်၍ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ Oxygen Plant တည်ဆောက်နေမှုကို ကြည့်ရှုကာ အမြန်ဆုံးပြီးစီးနိုင်ရေး အားပေးစကားပြောကြားပြီး အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အိုး ၂၀ ပေးအပ်သည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ စုရပ်(၁)ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုပြီး ကာကွယ်ဆေးလာရောက်ထိုးနှံသူများကို အားပေးစကား ပြောကြားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**




# နောင်ချိုမြို့နယ်၌ စားသောက်ကုန်နှင့် ရောဂါကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**နောင်ချို ဩဂုတ် ၁၁**

ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ဆန်၊ ဆီ၊ စားသောက်ကုန်နှင့် ရောဂါကာကွယ်ရေးပစ္စည်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ပေးအပ်ရာတွင် အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စား အမှတ် (၉၀၂) အမြောက် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ခေတ္တတပ်မမှူး ဗိုလ်မှူးကြီးနိုင်ဝင်းနှင့် တာဝန်ရှိသူများက ဆန်အိတ် ၃၀ ၊ ဆီပိဿာ ၃၀၊ ကြက်ဥအလုံး ၁၀၀၀၊ နှာခေါင်းစည်းအခု ၂၀၀၀၊ မျက်နှာအကာအခု ၂၀၀ ၊ ခေါက်ဆွဲနှစ်ဖာ ၊ အရက်ပြန်တစ်ပုံး၊ ပိုးသတ်ဆေးတစ်ပုံး တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်တိုးနှင့်တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် မြဝတီမြို့ ဒေသဖွံ့ဖြိုးရေးနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာများ ကြည့်ရှုစစ်ဆေး

ဘားအံ ဩဂုတ် ၁၁

**ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မြဝတီမြို့သို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြဝတီမြို့ ရပ်ကွက်(၆/၇)အဖြစ် ရပ်ကွက်သစ်ဖော်ဆောင်နေသည့်နေရာရှိ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ရပ်ကွက် (၆/၇) စီမံကိန်းအတွင်း ဆောင်ရွက်လျက်ရှိသည့် လမ်းဖောက်လုပ်နေမှု၊ မြေနေရာအကွက်ချထားမှု၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး၊ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး၊ ရေစီး ရေလာ ကောင်းမွန်စေရေးနှင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရပ်ကွက်(၆)အတွင်း တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေသည့် အခြေအနေများ၊ ရပ်ကွက်(၆/၇)စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတား၊ BCF ဇုန်၊ Cargo နေရာသို့ သွားရောက်ပြီး နှစ်နိုင်ငံကုန်ပစ္စည်းများ တင်ပို့တင်သွင်းနေမှုအခြေအနေများနှင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဌာနဆိုင်ရာဝန်ထမ်းများမှ လုပ်ငန်းဆောင်ရွက်ပေးနေသည့် အခြေအနေများအားလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရွှေမြဝတီ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် စောင့်ကြည့်ရေးစခန်းသို့ ရောက်ရှိပြီး လူနာများကို စောင့်ကြပ်ကြည့်ရှုကုသပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ မြဝတီမြို့ရှိ မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သည်များ အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းနှင့် ကြက်ဥအလုံး ၁၂၀၀ ကို လည်းကောင်း၊ သဃ်နီးညီနောင်တပ်မတော်ဆေးရုံအတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းနှင့် ကြက်ဥအလုံး ၁၀၀၀ ကို လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်စောင့်ကြည့်ရေးစခန်းများဖြစ်သည့် ရွှေမြဝတီစခန်းအတွက် ငွေကျပ်သုံးသိန်းနှင့် ကြက်ဥအလုံး ၁၂၀၀ ကို လည်းကောင်း၊ မဲကနယ်စခန်းအတွက် ထောက်ပံ့ငွေကျပ် သုံးသိန်းနှင့် ကြက်ဥအလုံး ၈၀၀ ကို လည်းကောင်း၊ ကျောက်လုံးကြီး စခန်းအတွက် ထောက်ပံ့ငွေကျပ် သုံးသိန်းနှင့် ကြက်ဥအလုံး ၈၀၀ အားလည်းကောင်းအသီးသီး ထောက်ပံ့လှူဒါန်းသည်။

ဆက်လက်၍ မြဝတီကုန်သွယ်ရေးဇုန်သို့ သွားရောက်ပြီး အောက်ဆီဂျင်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဆေးနှင့်ပစ္စည်းများ တင်သွင်းခွင့်ပြုပေးလျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံကုန်ပစ္စည်းများ တင်သွင်းတင်ပို့နေသည့် အခြေအနေများ၊ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဌာနဆိုင်ရာ ဝန်ထမ်းများက ဆောင်ရွက်ပေးနေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းအဆင်ပြေချောမွေ့စေရေး မှာကြားကြောင်း သိရသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မြသုခတပ်ဦးကျောင်း ဆရာတော် ဒေါက်တာ အရှင်ပညာနန္ဒ အား ဝင်ရောက်ဖူးမြော်ကြည်ညိုပြီး သဃ်န်း၊ ဆွမ်းဆန်တော် ၊ ဆီ၊ ကြက်ဥနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ရှမ်းရွာသစ်မြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပညာပေးနှိုးဆော်

ရှမ်းရွာသစ် ဩဂုတ် ၁၁

**ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်၍ အသံချဲ့စက်ဖြင့် လိုက်လံအသိပညာပေးနှိုးဆော်မှုများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။ (ယာပုံ)**



အဆိုပါ အသိပညာပေး နှိုးဆော်ခြင်း လုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဒေသနေပြည်သူများအနေဖြင့် လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း များပြားနေပါသဖြင့် မိမိတို့အိမ်အတွင်း၌သာ နေထိုင်ရန်၊ ပြင်ပမှလာသော ဧည့်သည်များ လက်မခံကြရန်၊ အခြားသူများထံသို့ သွားရောက်လည်ပတ်ခြင်း မပြုရန်၊ ပါးစပ်နှင့်နှာခေါင်းစည်းများကို စနစ်တကျတပ်ဆင်ကြရန်၊ လူစုလူဝေးပြုလုပ်ခြင်းကို ရှောင်ကြဉ်ရန်၊ လက်ကိုစက္ကန့် ၂၀ ကြာအောင် စနစ်တကျ ဆေးကြောရန်၊ လေဝင် လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ရန်၊ အပြင်က ပြန်လာပြီးတိုင်း အဝတ်အစားမလဲမီ ကိုယ်လက်သန့်စင်ခြင်း မပြုလုပ်မီ အိမ်သားများနှင့် အနီးကပ် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ရန်၊ မိမိတို့၌ ရောဂါပိုးကူးစက်သည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားပြီး ဆေးကုသမှုခံယူရန်၊ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများတွင် မိဘပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် စသည့်အချက်များကို မြို့ပေါ်ရပ်ကွက်များအတွင်း အသံချဲ့စက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး နှိုးဆော်မှုများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# မိုင်းငေါ့မြို့ အထက်တန်းကျောင်း၌ ကွာရန်တင်းစင်တာ ဖွင့်လှစ်ထားရှိ

မိုင်းငေါ့ ဩဂုတ် ၁၁

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းငေါ့မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ယမန်နေ့က စတင်၍ ကွာရန်တင်းစင်တာကို ဖွင့်လှစ်ထားရှိသည်။

အဆိုပါ ကွာရန်တင်းစင်တာတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူများနှင့် ထိတွေ့ဆက်စပ်သူများ၊ နေအိမ်တွင် နေထိုင်ရေး သတ်မှတ်ထားသော မြို့နယ်များမှ ပြန်လာသူဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် မိုင်းငေါ့မြို့ အခြေခံပညာအထက်တန်းကျောင်း ကွာရန်တင်းစင်တာ၌ (၁၄) ရက် ထားရှိမည်ဖြစ်သည်။

မိုင်းငေါ့မြို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ကာလတစ်လျှောက် ကိုဗစ်-၁၉ရောဂါ ပိုးတွေ့လူနာ အမျိုးသားခုနစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ကိုးဦးရှိခဲ့ရာ အမျိုးသားငါးဦး၊အမျိုးသမီးနှစ်ဦးတို့မှာ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသောကြောင့် ယခုအခါ မိုင်းငေါ့ မြို့တွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာအမျိုးသားနှစ်ဦးသာ ကျန်ရှိတော့ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မြင့်သွယ်(ပြန်/ဆက်)**



# T S ဆီဆိုင်မိသားစုက အိမ်ထောင်စု ၁၇၃ စုအား ဆန်နှင့်အလှူငွေများလှူဒါန်း

**ကျောင်းကုန်း ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်နယ်မြေ (၅၊ ၆၊ ၇၊ ၈၊ ၉) ရှိ အိမ်ထောင်စု ၁၇၃ စုတို့အား ယနေ့နံနက်ပိုင်းက ဆန်နှင့်အလှူငွေများ လှူဒါန်းသည်။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပြည်သူများ စားဝတ်နေရေး




အဆင်ပြေစေရန်အတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည် ငွေကျပ် ၅၀၀၀ စီကို အလှူရှင်ကိုယ်စား ဦးစိန်ဌွေးအောင်(မန်နေဂျာ T Sဆီဆိုင်)မှ ကိုဗစ်ကာလ စည်းကမ်းချက်နှင့်အညီ လှူဒါန်းပေးအပ်ရာ အမှတ် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ထွေးက လက်ခံယူခဲ့ပြီး ရာအိမ်မှူးများက ပြည်သူများအား တစ်ဦးချင်း ဆက်လက်ပေးအပ်သည်။

အဆိုပါ ကိုသန်းဆွေ- မကေခိုင်(T S စက်သုံးဆီအရောင်းဆိုင်) မိသားစုက ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းနှင့် ယခု တတိယလှိုင်းတို့တွင် ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ လုံခြုံရေးစစ်ဆေးရေးဂိတ်၊ အောက်ဆီဂျင်ရှာဖွေပေးသည့်အဖွဲ့နှင့် နာရေးကူညီမှုအဖွဲ့စသည်တို့အတွက် လှူဒါန်းမှုစုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ဟားခါးမြို့ ပြည်သူ့ဆေးရုံအတွက် အောက်ဆီဂျင် လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်တော့မည်

**ဟားခါး ဩဂုတ် ၁၁**

ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးအတွက် တပ်မတော်ကလှူဒါန်းသည့် အောက်ဆီဂျင် Plant မှ ကျန်ရှိသည့် ဆက်စပ်ပစ္စည်းများကို ဩဂုတ် ၁၀ ရက်က ရဟတ်ယာဉ်ဖြင့် ထပ်မံရောက်ရှိလာရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးပြီး ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး တာဝန်ရှိသူများက Oxygen Plant ထားရှိမည့်နေရာသို့ ပို့ဆောင်ပေးသည်။

ယခုအသစ်ရောက်ရှိလာသည့် အောက်ဆီဂျင် Plant ဆက်စပ်ပစ္စည်းများမှာ ဩဂုတ် ၉ ရက်က ရောက်ရှိလာသည့် တပ်မတော်မှလှူဒါန်းသော အောက်ဆီဂျင် Plant မှကျန်ရှိသည့် ဆက်စပ်ပစ္စည်းများ ဖြစ်ကြောင်း၊ အောက်ဆီဂျင် Plant တပ်ဆင်ပြီးစီးပါက တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၄ လုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သောကြောင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးအတွက် အောက်ဆီဂျင်လိုအပ်ချက်ကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**





## အမ်းမြို့နယ်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်မှု ၄၀ ရာခိုင်နှုန်းပြီးစီး

**အမ်း ဩဂုတ် ၁၁**

အမ်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အထောက်အကူဖြစ်စေမည့် အောက်ဆီဂျင်စက်ရုံတည်ဆောက်နေမှု အခြေအနေကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် အဖွဲ့ဝင်များက ဩဂုတ် ၁၀ ရက်က သွားရောက်ကြည့်ရှုပြီး လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းသည်။

ယင်းအောက်ဆီဂျင်စက်ရုံကို အမ်းမြို့နယ် အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးကော်မတီအဖွဲ့က ဦးဆောင်၍ ဇူလိုင် ၁၄ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး စုစုပေါင်းအလှူရှင် ၅၅၆ ဦးမှ လှူဒါန်းငွေကျပ် ၁၅၂၅၁၀၀၀၀ လှူဒါန်းကြောင်း သိရသည်။

အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန် မြေနေရာကို အေးရိပ်သာကျောင်း ဆရာတော်က လှူဒါန်းပြီး အောက်ဆီဂျင်စက်ရုံ အဆောက်အအုံကို တည်ဆောက်လျက်ရှိရာ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံပြီးစီးပါက တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အလုံး ၁၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းနှင့် မြို့နယ်အတွင်း အရေး ပေါ်လူနာများနှင့် ရောဂါကူးစက်ခံရသူများအတွက် လိုအပ်သည့် အောက်ဆီဂျင်ကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ် အောက်ဆီဂျင်စက်ရုံဖြစ်မြောက် ရေးကော်မတီထံမှ သိရသည်။ **စိုးမင်းထွန်း**

## အင်းစိန်မြို့နယ်၌ တစ်ရက်လီတာ ၄၀ အိုး ၂၀၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ရုံတည်ဆောက်မည်

**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် မာလာရာမကွက်သစ်ကျောင်းတိုက်အတွင်း တည်ဆောက်မည့် စိန်ရတနာ နာရေးကူညီမှုအသင်း၏ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နိုင်ရေးအတွက် အလှူရှင်များ လှူဒါန်းသည့် လှူဒါန်းငွေ ၈၀ ရာခိုင်နှုန်းရရှိပြီဖြစ်၍ ဆောက်မည့်နေရာကို ဩဂုတ် ၁၀ ရက်က တာဝန်ရှိသူများ စုပေါင်း၍ ကြိုတင်ပြင်ဆင်ခြင်းနှင့် သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည်။

အင်းစိန်မြို့နယ်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရေးအတွက် နေ့စဉ်အလှူရှင်များက လှူဒါန်းလျက်ရှိရာ စိန်ရတနာ နာရေးကူညီမှုအသင်းမှ တာဝန်ရှိသူများက လက်ခံယူလျက်ရှိပြီး ယင်းအောက်ဆီဂျင်စက်ရုံတွင် တစ်နာရီလျှင် လီတာ ၄၀ ဝင်အိုးကြီး ၁၀ လုံးခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ တစ်ရက်လျှင် လီတာ ၄၀ ဝင်အိုးကြီး အလုံး ၂၀၀ ခန့် ထုတ်လုပ်ပေးနိုင်မည်ဟု မျှော်လင့်ထားကာ ကုန်ကျစရိတ်အနေဖြင့် ငွေကျပ်သိန်း ၁၆၀၀ ခန့် ကျသင့်မည်ဖြစ်ကြောင်း၊ အလှူရှင်များ လှူဒါန်းလိုပါက အင်းစိန်မြို့နယ် စိန်ရတနာ နာရေးကူညီမှု အသင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ယခုအချိန်အထိ အလှူငွေမှာ ၈၀ ရာခိုင်နှုန်းအထိ ရရှိနေပြီဖြစ်၍ စက်များလည်း မကြာခင် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း စိန်ရတနာ နာရေးကူညီမှုအသင်း (အင်းစိန်) က ဒုတိယ ဥက္ကဋ္ဌ ဦးအောင်မိုးထံမှ သိရသည်။

အင်းစိန်မြို့နယ် စိန်ရတနာ နာရေးကူညီမှု အသင်းအနေဖြင့် ပုံမှန် လူမှုကူညီရေးလုပ်ငန်းများနှင့်အတူ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများကို ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်အတွက် အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည်

**ညောင်တုန်း ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများနှင့် အောက်ဆီဂျင် လိုအပ်နေသော လူနာများအား အမြန်ဆုံး ကုသပေးနိုင်ရေး၊ အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးတို့အတွက် We Love Nyaungdon လူမှုပရဟိတအဖွဲ့မှ နာယကဆရာတော်ဉူးသုမနဦးဆောင်မှုဖြင့် အများပြည်သူထည့်ဝင် လှူဒါန်းငွေများနှင့် အောက်ဆီဂျင်စက်ရုံကို ဩဂုတ်လဆန်းပိုင်းမှစတင်ကာ အမြန်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ယခုတည်ဆောက်မည့် အောက်ဆီဂျင်စက်ရုံမှ တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့ ဘူး ၄၀ ထုတ်လုပ်ဖြည့်သွင်းပေးနိုင်မည်ဖြစ်သည်။ အဆိုပါ အောက်ဆီဂျင်စက်ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၇၅၀ ခန့်ကုန်ကျမည်ဖြစ်ပြီး စက်ရုံတစ်ခုလုံး ပြီးစီးနိုင်ရေးအတွက် ငွေကျပ်သိန်း ၁၃၀၀ ခန့် ကုန်ကျနိုင်ကြောင်းနှင့် လာမည့် စက်တင်ဘာလအတွင်း စတင်လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းများ အမြန်ဆောင်ရွက်လျက်ရှိကြောင်း We love Nyaungdon လူမှုပရဟိတအဖွဲ့မှအကျိုးဆောင် ကိုဉာဏ်မြင့်ရှိန်က ပြောသည်။ စက်ရုံတည်ဆောက်ရန်အတွက် ဩဂုတ်လလဆန်းပိုင်းမှစတင်ကာ မြတောင်ကျောင်းတိုက်ဆရာတော်၏ ခွင့်ပြုချက်ဖြင့် မြတောင်ကျောင်းတိုက်အတွင်း စက်ရုံအဆောက်အအုံဆောက်လုပ်ရန်အတွက် နာရေးကူညီမှုအသင်း၊ ပီတိပရဟိတအဖွဲ့နှင့် We Love Nyaungdon လူမှုပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကြီးကြပ်ရေးကော်မတီမှ စတင်ကာဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အောက်ဆီဂျင်စက်ရုံအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက We Love Nyaungdon လူမှုပရဟိတအဖွဲ့ ဆရာတော်ဉူးသုမန (ရွှေဟင်္သာတောရကျောင်းတိုက်)နှင့် ၀၉-၇၉၆၅၅၃၃၉၇၊ ၀၉-၇၉၀၁၄၈၂၇၈၊ ၀၉-၇၉၀၄၄၄၉၀၇၊ ၀၉-၇၉၁၃၃၃၃၉၄၊ ၀၉-၇၆၂၆၆၂၀၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ထွန်းကျော်**
**(ညောင်တုန်း)**

## သရက်မြို့၌ အောက်ဆီဂျင် စက်ရုံတည်ဆောက်မည်

**သရက် ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း Oxygen Plant စက် တစ်လုံးကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မတည်ပေးမှုဖြင့် Oxygen Plant စက်ရုံ တည်ဆောက်မည်ဖြစ်ပြီး စက်ရုံတည်ဆောက်နိုင်ရေးအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ မြို့မိ/ မြို့ဖများနှင့် အလှူရှင်များ ပူးပေါင်းတည်ဆောက်မည့် စက်ရုံမြေနေရာကို သရက်ခရိုင် ဆေးရုံဝင်းအတွင်း မြေညှိရှင်းလင်းလျက်ရှိသည်။

အဆိုပါ Oxygen Plant စက်ရုံ တည်ဆောက်ရန်အတွက် သရက်မြို့ ရုံးရပ်ကွက် ဆေးရုံကြီးရှေ့ မျက်နှာစာရှိ မြေကွက်လွတ်အကျယ်အဝန်း ပေ (၃၀ x ၄၀) ပေါ်တွင် မြေညှိရှင်းလင်းနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလတ်နှင့် အဖွဲ့ဝင်များက ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## မုဒုံမြို့၌ အောက်ဆီဂျင်အိုးများလှူဒါန်း

**မုဒုံ ဩဂုတ် ၁၁**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကိုဗစ်-၁၉ ပိုးတွေ့အတည်ပြု လူနာများအတွက် အောက်ဆီဂျင်အရေးပေါ် လိုအပ်လာပါက အခက်အခဲမရှိ အဆင်ပြေစွာ ကျန်းမာရေးစောင့်ရှောက်ကုသပေးနိုင်ရန် မုဒုံမြို့နယ်ပြည်သူ့ဆေးရုံ၌ လိုအပ်လျက်ရှိသော အောက်ဆီဂျင်အိုးများကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံသို့ စေတနာရှင်အလှူရှင်များက လာရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မန္တလေးမြို့နေ ဦးခင်မောင်ဝင်းမိသားစုက တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀ တန်ဖိုးရှိသည့် အောက်ဆီဂျင် လီတာ ၄၀ အိုး ခြောက်လုံးကိုလည်းကောင်း၊ မုဒုံမြို့နေ ဒေါ်ငွေမှီ မိသားစုက တန်ဖိုးငွေကျပ် ၁၄၅၀၀၀၀ တန်ဖိုးရှိသည့် အောက်ဆီဂျင် လီတာ ၄၀ အိုး သုံးလုံးကိုလည်းကောင်း၊ ဒေါ်ကြည်ခိုင်ဦး မိသားစုက Oxygen Concentrator စက် တစ်လုံးကို လည်းကောင်း လာရောက်လှူဒါန်းရာ မြို့နယ် ပြည်သူ့ကျန်းမာရေးဌာနမှူး ဒေါက်တာကျော်မိုးနိုင်က လက်ခံကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများနှင့် တပ်မတော်(ရေ)သီလဝါ အောက်ဆီဂျင်စက်ရုံအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၁

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သန်လျင်မြို့နယ်ရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ မွေးမြူရေးလုပ်ငန်းများနှင့်တပ်မတော်(ရေ)သီလဝါ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သန်လျင်မြို့နယ်ရှိ ဆိတ်အကောင်ရေ ၄၀၀ ကျော် မွေးမြူထားသည့် မဟာနန်းတော် ပုဂ္ဂလိက မျိုးကောင်းမျိုးသန့်ဆိတ်မွေးမြူရေးခြံနှင့် နို့စားနွားကောင်ရေ ၆၀၀ ကျော် မွေးမြူထားသည့် တဲပြာပုဂ္ဂလိက နို့စားနွားမွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးလုပ်ငန်းအခြေအနေများကို ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များမှ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သန်လျင်မြို့နယ် ဘော့ချောင်းကျေးရွာတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ဘော့ချောင်းအတွင်းသို့ နှစ်လက်မအထက် ငါးမြစ်ချင်းအကောင်ရေ ၆ သိန်းကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာရှိ နည်းပညာပေးစခန်းတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးကျင်းပသည့် သန်လျင်မြို့နယ်ရှိ ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်သည့် တောင်သူများအား ပင်လယ်ကိုးသွယ်ကုမ္ပဏီက ဓာတ်မြေသြဇာနှင့် စိုက်ပျိုးစရိတ်ငွေ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မိုးစပါး ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးရေးလုပ်ကိုင်သည့် တောင်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ကန်ထရိုက်လယ်ယာစနစ်ဖြင့် သန်လျင်မြို့နယ်ရှိ တောင်သူ ၂၇၁ ဦး၏ မိုးစပါးဧက ၂၁၃၉ ဧကအတွက် တစ်ဧကလျှင် စိုက်ပျိုးစရိတ် ၅ သောင်းကျပ်နှင့် ဓာတ်မြေသြဇာဖိုး ၅ သောင်းကျပ်နှုန်းဖြင့် ငွေကျပ် ၂၁၃၉ သိန်းကို ထောက်ပံ့ပေးသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကန်ထရိုက်လယ်ယာစနစ်ဖြင့် လယ် ၁၅၈၇၅ ဧကတွင် လယ်သမားများနှင့်အကျိုးတူ မိုးစပါးစိုက်ပျိုးလျက်ရှိသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သန်လျင်မြို့နယ် တပ်မတော် (ရေ) သီလဝါ အောက်ဆီဂျင်စက်ရုံသို့ ရောက်ရှိရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ KZO – 100 အမျိုးအစားစက်ရုံ Oxygen Plant ကို ဇူလိုင် ၂၂ ရက်မှ စတင်၍ ပြင်ဆင်တပ်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ စတင်၍ စမ်းသပ်မောင်းနှင်ခဲ့ရာ တစ်နေ့လျှင် လီတာ ၄၀ အောက်ဆီဂျင်အိုး ၄၀၀ ကို ဖြည့်တင်းပေးနေသဖြင့် အောက်ဆီဂျင် လိုအပ်သည့် တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကိုဗစ်–၁၉ ကုသရေးစင်တာများ၊ သာရေးနာရေးနှင့် လူမှုရေးအသင်း အဖွဲ့များ၊ အခြား အောက်ဆီဂျင် လိုအပ်နေသူများသို့ ဖြန့်ဖြူးပေးနေသည့် အခြေအနေများကို သန်လျင်ရေတပ်ဌာနချုပ် တပ်မှူး ဗိုလ်ချုပ်ဇော်ဝင်းက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းအား ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဩဂုတ် ၁၁

**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အတူ မြစ်ကြီးနားမြို့ပေါ်၌ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဆမားဒူဝါဆင်ဝါးနော် ခန်းမ၌ ကျင်းပသည့် ICRC မှ ကိုဗစ်–၁၉ အတည်ပြုလူနာဆောင်များတွင် အသုံးပြုရန် ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ICRC အနေဖြင့်



ပြည်နယ်အတွင်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် စဉ်ဆက်မပြတ် ပါဝင် ဆောင်ရွက်လျက်ရှိပြီး ယခုလို ကိုဗစ်–၁၉ အတည်ပြုလူနာဆောင်များတွင် အသုံးပြုရန်အတွက် ပစ္စည်းများ ထပ်မံပေးအပ် လှူဒါန်းမှုကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ မြစ်ကြီးနားတာဝန်ခံက ပြည်နယ်အတွင်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆေးစိမ်ခြင်ထောင် အလုံး ၅၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်မှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် မြတ်သက်ဦး၊ တပ်မတော် အရာရှိကြီးများနှင့်အတူ မြစ်ကြီးနားမြို့၌ ရပ်ကွက်များအလိုက် ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ကချင်ပြည်နယ် အတွင်းရှိ ခရိုင်လေးခရိုင်လုံးတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့သည့် လူဦးရေ စုစုပေါင်းမှာ ၃၄၀၈၆ ဦး ရှိပြီဖြစ်သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် ပြည်နယ် သယံဇာတရေးရာဝန်ကြီး၊ ဌာနဆိုင်ရာများနှင့်အတူ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်နှင့် ယုဇနရပ်ကွက်တို့ရှိ ညနေဈေးများတွင် နှာခေါင်းစည်း အသိပညာပေး အစီအစဉ်ဖြင့် ဈေးရောင်း၊ ဈေးဝယ်သူ ပြည်သူများအား အသိပညာပေးခြင်း လုပ်ငန်း ဆောင်ရွက်ခဲ့ကြပြီး သီတာရပ်ကွက် နှစ်ခြင်းခရစ်ယာန်ကျောင်း အသင်းတော်ကျောင်းဝင်းအတွင်း အသင်းတော်အခြေပြု ကိုဗစ်–၁၉ အတည်ပြုလူနာများ ပြုစုစောင့်ရှောက်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြကာ အသင်းတော်အတွက် PPE ဝတ်စုံများ၊ နှာခေါင်းစည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် အောက်ဆီဂျင်ထုတ်လုပ်မည့် စက်ရုံမြေနေရာအား ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဩဂုတ် ၁၁**

မွန်ပြည်နယ် ကိုဗစ်– ၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ရွှေနတ်တောင် ရေသန့်စင်စက်ရုံဝင်းအတွင်း တန် ၂၀ ဆံ့ အောက်ဆီဂျင်အရည်ထုတ်စက်ရုံနှင့်တစ်မိနစ်လျှင် လီတာ ၂၅၀ ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင် Plant တည်ဆောက်မည့်မြေနေရာအား ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများအားနှောင့်နှေးကြန့်ကြာမှုမရှိစေရေး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်အထွေထွေရောဂါကုဆေးရုံကြီးတွင် တန် ၂၀ ဆံ့ အောက်ဆီဂျင်အရည်စက်ရုံကို အမြန်ဆုံး ပြီးစီးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အပြင် အခြားမြို့နယ်များတွင်လည်း အောက်ဆီဂျင် စက်ရုံများကို တည်ဆောက်လျက်ရှိပြီး ယခုရွှေနတ်တောင် အောက်ဆီဂျင်ထုတ်စက်ရုံသည် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တည်ဆောက်ပေးခြင်းဖြစ်ကာ မကြာမီ တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကျောက်ပန်းတောင်းမြို့နယ်အတွင်း သုဂတိရှင် နာရေးကူညီမှုအသင်း၏ အစီအစဉ်ဖြင့်ဝယ်ယူသည့် အောက်ဆီဂျင်စက်သစ်ရောက်ရှိ

ကျောက်ပန်းတောင်း ဩဂုတ် ၁၁

**မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အောက်ဆီဂျင်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက်၊ သုဂတိရှင် နာရေးကူညီမှုအသင်း၏ အစီအစဉ်ဖြင့် ဝယ်ယူခဲ့သည့် တရုတ်နိုင်ငံထုတ် အောက်ဆီဂျင်စက်သစ်မှာ ယနေ့နံနက်ပိုင်းက အဆိုပါစက်ထားရှိမည့် အသင်းရုံးသို့ ရောက်ရှိသည်။**

အဆိုပါ အောက်ဆီဂျင်ထုတ်လုပ်မည့်စက်မှာ တရုတ်နိုင်ငံမှထုတ်လုပ်သည့် စက်ဖြစ်ပြီး စက်တန်ဖိုးမှာ တရုတ်ယွမ် ငွေ ၃၃၅၀၀၀ ၊ မြန်မာငွေကျပ် သိန်း၁၂၅၀ ခန့် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ကို လောလောဆယ်တွင် သုဂတိရှင် နာရေးကူညီမှုအသင်းရုံးရှိ သုံးထပ်အဆောက်အအုံ၏ အောက်ဆုံးထပ်တွင် ယာယီထားရှိ၍ အသင်းရုံးရှေ့ မြေအကျယ်ပေ(၂၀ x ၂၀)ပတ်လည်အတွင်း တန်ဖိုးငွေကျပ် ၂၃၅ သိန်းတန် ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးကို တည် ဆောက်ထားရှိပြီးဖြစ်ကြောင်းနှင့် မြို့နယ်အတွင်း အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စက်ဝယ်ယူရရှိရေးအတွက် လိုအပ်သည့်ရန်ပုံငွေများကိုမြို့ပေါ်ရှိစကားဝါမြေဖောင်ဒေးရှင်းက ငွေကျပ် သိန်း၂၀၀၊ မြို့နယ်မော်တော်ယာဉ်ကြီးများအသင်းက ငွေကျပ်သိန်း ၃၀၀ နှင့် အင်တော-လက်ပံကျင်း-ပေါက်တော ကျေးရွာဖွံ့ဖြိုးရေးလမ်းအလှူရှင် ဦးအေးမောင် မိသားစုက ငွေကျပ်သိန်း ၃၀၀ တို့ကို အတိုးမဲ့ထုတ်ချေးပေးပြီး ထပ်မံလိုအပ်မည့်ငွေကို မြို့မဈေးကြီးသမဝါယမအသင်းက ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ချေးငွေများကို အသင်းအလှူခံရရှိငွေများမှ ပြန်လည်ပေးဆပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက် တပ်ဆင်ပြီးစီးပါက တစ်ရက်လျှင် လီတာ ၄၀ ဝင်အောက်ဆီဂျင်အိုးကြီး အလုံး ၆၀ နေ့စဉ်ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်း အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်အတွက် အောက်ဆီဂျင်လိုအပ်ချက် ပြည့်မီစေရန်အတွက် သုဂတိရှင် နာရေးကူညီမှုအသင်းအပြင် မြို့ပေါ်ရှိ ရပ်မိရပ်ဖများကလည်း ၎င်းတို့အစီအစဉ်ဖြင့် သီးခြားအလှူငွေရှာဖွေ၍ ဝယ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အဆိုပါ အောက်စီဂျင်စက်ရုံအတွက် မြေနေရာကို စိတ္တပါလဂူကျောင်းစာသင်တိုက်အနီးတွင် ထားရှိမည်ဖြစ်ပြီး မကြာမီလပိုင်း အတွင်းရောက်ရှိမည်ဖြစ်၍ ယင်းစက်ပါထပ်မံရောက်ရှိလာပါက မြို့နယ်အတွက် အောက်ဆီဂျင်ထုတ်စက် နှစ်လုံးဖြစ်၍ လိုအပ်သည့် အောက်ဆီဂျင်များကို အပြည့်အဝ ထုတ်လုပ်ပေးသွားနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။



**နေအောင်(ပြန်/ဆက်)**

# မူဆယ်တွင် နေရပ်ပြန်များ လွှဲပြောင်းလက်ခံခြင်း ယာယီရပ်နား

**မူဆယ် ဩဂုတ် ၁၁**

မူဆယ်မြို့ နန်းတော်ဂိတ် (နယ်စပ်ဝင်/ထွက်ဂိတ်) တွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ ရွှေ့ပြောင်းလုပ်သားများဖြစ်သော မြန်မာနိုင်ငံသားများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ ပျံ့နှံ့နေမှုကြောင့် မြန်မာနိုင်ငံသို့ ဇူလိုင် ၂၆ ရက်မှစတင်ပြီး ပြန်လည်ဝင်ရောက်ခဲ့ရာ တရုတ်နိုင်ငံရှိ ဒေသအာဏာပိုင်များက ယမန်နေ့ နံနက်ပိုင်း၌ မြန်မာနိုင်ငံသားများအား ဩဂုတ် ၁၁ ရက်တွင် လွှဲပြောင်းခြင်းကို တရုတ်နိုင်ငံ နယ်စပ်အာဏာပိုင်များက ယာယီပိတ်ပင်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။



သို့ပါ၍ မြန်မာနိုင်ငံ မူဆယ်မြို့ရှိ နယ်စပ်ဒေသတာဝန်ရှိသူများ၏ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဇူလိုင် ၂၆ရက်မှ ဩဂုတ် ၉ ရက်အထိ နေရပ်ပြန် စုစုပေါင်း ၄၃၇၂ ဦး ဖြစ်ပြီး ဩဂုတ် ၁၀ ရက်တွင် အမျိုးသား ၁၅၉ ဦး၊ အမျိုးသမီး ၁၂၃ဦး စုစုပေါင်း ၂၈၂ ဦးနှင့် ယနေ့အထိ စုစုပေါင်း နေရပ်ပြန် ၄၆၅၄ ဦး ပြန်လည်ဝင်ရောက်လာမှုကို လက်ခံပေးလျက်ရှိသည်။ အဆိုပါ နေရပ်ပြန်များကို နေရာချထားပေးလျက်ရှိသော မူဆယ်မြို့ နန်းတော်ဂိတ်ပေါက်တွင် နေရပ်အသီးသီးသို့ပြန်နိုင်ရန် မော်တော်ယာဉ်များကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသအသီးသီးသို့ ထွက်ခွာသည့် မော်တော်ယာဉ်များ၏ ယာဉ်စီးခများကို ပွင့်လင်းမြင်သာအောင် ဆောင်ရွက် ပေးထားကြောင်း၊ နေရပ်ပြန်များကို ထမင်းဘူးနှင့် ရေသန့်များကိုလည်း အခမဲ့ဝေငှပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ နေရပ်ပြန်များအား လွှဲပြောင်းပေးခဲ့ပြီးနောက် တရုတ်နိုင်ငံဘက်မှ တာဝန်ရှိသူများက ဩဂုတ် ၁၁ ရက်နေ့က စတင်ပြီး နေရပ်ပြန် လွှဲပြောင်းပေးခြင်းအား ယာယီရပ်နားမည်ဖြစ်ကြောင်း သိရှိရပြီး တရုတ်နိုင်ငံအတွင်းပိုင်းမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိနေသဖြင့် နှစ်နိုင်ငံ တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်း ဆောင်ရွက်ပြီးမှသာ နေရပ်ပြန်များ ပြန်လည်စေလွှတ်မည့်ရက်ကို ထပ်မံကြေညာပေးမည် ဖြစ်ကြောင်း သိရသည်။ **အယ်လ်စိုး(မူဆယ်)**

# မတည်အလှူရှင်နှင့် စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ငပုတောမြို့၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်လျက်ရှိ

ငပုတော ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ပိုးတွေ့လူနာများနှင့် အခြားလူနာများအတွက် အောက်ဆီဂျင်အပြည့်အဝ ထောက်ပံ့ပေးနိုင်ရန်အတွက် စိန်ပန်းကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒက ဦးဆောင်၍ မတည်အလှူရှင်နှင့် စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှု၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ပူးပေါင်းပါဝင်မှုဖြင့် စိန်ပန်းကျောင်းတိုက်အတွင်း၌ အောက်ဆီဂျင်စက်ရုံ တစ်ခု တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရုံ၌ ယခုလနောက်ဆုံးပတ်တွင် အောက်ဆီဂျင်စက်ပစ္စည်းများ တပ်ဆင်အသုံးနိုင်မည်ဖြစ်ပြီး တပ်ဆင်ပြီးပါက တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ အလုံးရေ ၁၀၀ မှ ၁၂၀ ကြားထွက်ရှိမည်ဖြစ်သည်။ စက်ရုံတည်ဆောက် ရာတွင် ခန့်မှန်းငွေကျပ်သိန်း ၁၅၀၀ ခန့်ကုန်ကျမည်ဖြစ်ပြီး စေတနာရှင် အလှူရှင်များလည်း ဆက်လက်လိုအပ်လျက်ရှိရာ အလှူငွေ များထည့်ဝင်လှူဒါန်းလိုပါက စိန်ပန်းကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒ ဖုန်း ၀၉-၆၉၁၄၂၆၇၈၁၊ ၀၉-၄၂၂၅၆၆၄၆၄ နှင့် ဦးမြင့်ဋ္ဌေး ဖုန်း- ၀၉-၉၇၃၁၅၆၁၁၂ နှင့် ၀၉- ၇၇၀၉၂၉၃၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ မိမိတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ကြပြီးဖြစ်သောကြောင့် ယာယီကယ်ဆယ်ရေးစခန်းများပိတ်သိမ်း

**တနင်္သာရီ ဩဂုတ် ၁၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ယာယီကယ်ဆယ်ရေးစခန်းစခန်းကိုးခုနှင့် နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသော ရေဘေးသင့်ပြည်သူ ၁၀၈၈ ဦးတို့သည် မြစ်ရေပြန်လည်ကျဆင်းသွားပြီးဖြစ်၍ ရေဘေးသင့်ပြည်သူများအားလုံး မိမိတို့၏နေအိမ်များသို့ အသီးသီး ပြန်လည်ပြောင်းရွှေ့နေထိုင်နေကြပြီးဖြစ်သည်။ ယခုအခါ တနင်္သာရီမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများကို လုံးဝပိတ်သိမ်းပြီဖြစ်ကြောင်း မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

တနင်္သာရီမြို့နယ်၌ ဇူလိုင်လ ၂၇ ရက်မှ ဩဂုတ် ၂ ရက်အထိ မြစ်ရေကြီးနစ်မြုပ်မှုကြောင့် ယာယီကယ်ဆယ်ရေးစခန်း ကိုးခုနှင့် နီးစပ်ရာဆွေမျိုးများ၏ နေအိမ်တွင် ပြောင်းရွှေ့နေထိုင်ကြသည့် အိမ်ခြေ အလုံး ၂၂၀ ၊ အိမ်ထောင်စု ၂၂၀ စု၊ လူဦးရေ ၁၀၈၈ ဦးရှိသည့်အနက် ယခုအခါ တနင်္သာရီမြစ်ရေပြန်လည်ကျဆင်းလာပြီဖြစ်၍ ဩဂုတ် ၂ ရက်မှ ဩဂုတ် ၉ ရက်အထိ ရပ်ကွက်နှစ်ခု၊ ကျေးရွာ ရှစ်ရွာတို့မှ အိမ်ခြေ ၁၈၉ လုံး၊ အိမ်ထောင်စု ၁၈၉ စု၊ လူဦးရေ ၉၀၉ ဦးတို့သည် ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ထို့အတူ ပြန်လည်ပြောင်းရွှေ့ရန် ကယ်ဆယ်ရေးစခန်း ခြောက်ခုမှ အိမ်ခြေ ၃၁ လုံး၊ အိမ်ထောင်စု ၃၁ ၊ လူဦးရေ ၁၇၉ ဦးကျန်ရှိသည့်အနက် တနင်္သာရီမြစ်ရေအမှတ်မှာ ၁၅ ပေ ၂ လက်မသို့ ပြန်လည်ကျဆင်းလာသောကြောင့် ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လျက်ရှိသည့်အတွက်ကြောင့် တနင်္သာရီမြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများအားလုံးကို ပိတ်သိမ်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပြည့်အမှတ်အထက် ရေပိုလွှဲမှ ၂ ဒသမ ၇ ပေ ဆက်လက်ရေကျော်နေ



ပွင့်ဖြူ ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် အဓိက မှီခိုအားထားရသည့် ကြီးအုံကြီးဝ တမံသည် ဩဂုတ် ၁၁ ရက်က တိုင်းထွာအချက်အရ တမံရေပြည့်မှတ် ၃၄၀ အထက် ၂ ဒသမ ၇ ပေ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိပြီး မုန်းချောင်း အောက်ဘက်နှင့် မြစ်ကမ်းဘေးကျေးရွာများမှ ဒေသခံပြည်သူများ သိရှိနိုင်ရန် ကြိုတင်အသိပေးနှိုးဆော်ခြင်းများ ပြုလုပ်ထားရှိကြောင်းနှင့် တမံ ရေပိုလွှဲမှ ရေကျော်ကျမှုမှာ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသေးကြောင်း အဆိုပါ ကြီးအုံကြီးဝတမံမှ တာဝန်ခံ(AE) ဦးစိုးတင့်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ သည် အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုကြောင့် တမံအတွင်း မိုးရေဝင်ရောက်မှုများရှိနေပြီး ယနေ့ နံနက် ၆ နာရီအချိန်တိုင်းထွာချက်အရ တမံရေပြည့်မှတ်ဖြစ်သည့် ၃၄၀ ပေ အထက် ၂ ဒသမ ၇ ပေ ခန့် ဆက်လက်ရေကျော် ကျလျက်ရှိပြီး အဆိုပါတမံရေပိုလွှဲမှ ရေကျော်ကျမှုမှာ ပြည်သူများအတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်းနှင့် တမံအောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ ကြိုတင်သိရှိနိုင်စေရန်အတွက် တမံအတွင်း မိုးရေဝင်ရောက်မှုကို သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေးစီမံချက်အရ အရေးပေါ် အခြေအနေသတ်မှတ်၍ အစိမ်းရောင်အလံစိုက်ထူထားရှိပြီး အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့အပြင် တမံအတွင်း မိုးရေဝင်ရောက်မှုကို ကြီးအုံကြီးဝတမံမှ တာဝန်ခံ(AE) ဦးစိုးတင့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အမြဲ စောင့်ကြည့်လျက်ရှိပြီး ထူးခြားမှုအခြေအနေရှိပါက ဒေသခံပြည်သူများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# မိုးရွာသွန်းမှုနှင့် ရေစီးဆင်းမှုကြောင့် တာလေ-ကျိုင်းလပ်သွား ကားလမ်းမကြီး၌ လမ်းကျွံကျခြင်းဖြစ်ပေါ်

ကျိုင်းလပ် ဩဂုတ် ၁၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းလပ်မြို့၌ ယနေ့ နံနက် ၆ နာရီခွဲက မိုးရွာသွန်းမှုနှင့် ရေစီးဆင်းမှုများခြင်းကြောင့် တာလေ-ကျိုင်းလပ်သွား ကားလမ်းမကြီး၌ လမ်းကျွံကျခြင်း ဖြစ်ပေါ်ခဲ့သည်။ (ဓာတ်ပုံ)

ကျိုင်းလပ်မြို့ နမ့်ခင်းကျေးရွာအုပ်စု ပန်ပဲအောက်ကျေးရွာနှင့် ဝမ်တုံကျေးရွာအကြား တာလေ-ကျိုင်းလပ်သွား ကားလမ်းမကြီး (ကီလိုမီတာ ၁၃-၁၄ အကြား)ရှိ အကျယ် ပေ ၃၀၊ အရှည် ငါးပေခန့်ရှိ သော တံတားအမှတ် ၁/၁၄ မှာ မိုးရွာသွန်းမှုများပြား၍ ရေစီးဆင်းမှုများခြင်းကြောင့် သုံးပေခန့် လမ်းကျွံကျခြင်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၁

စစ်ကိုင်းတိုင်း ဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်း ဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ အုပ်စု (K) သို့ ဟောင်ကောင် ကျရောက်ပြီး မြန်မာပါဝင်သောအုပ်စု (I) တွင် သုံးသင်းသာကျန်ရှိ

ရန်ကုန် ဩဂုတ် ၁၁

အာရှဘောလုံး အဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ မှ မြောက်ကိုရီးယားအသင်း နုတ်ထွက် သွားသောကြောင့် အုပ်စု (K) တွင် အသင်းတစ်သင်း အစားထိုးရန် ဩဂုတ် ၁၁ ရက်က အွန်လိုင်းမှ မဲနှိုက်ရွေးချယ်ခဲ့ရာ ဟောင်ကောင်အသင်း ကျရောက်ခဲ့သည်။ ဟောင်ကောင်အသင်းသည် ယခင်က မြန်မာအသင်းပါဝင်သော အုပ်စု (I) တွင် ပါဝင်ခဲ့သည့်အသင်းဖြစ်ပြီး အုပ်စု (K) သို့ ပြောင်းလဲကစားရမည်ဖြစ်သောကြောင့် သုံးသင်းသာကျန်ရှိတော့သည်။




အာရှဖလား

### အသင်းအစားထိုးရန်

ဇူလိုင် ၉ ရက်က ပြုလုပ်ခဲ့သည့် အုပ်စုမဲခွဲပွဲတွင် အုပ်စု (K) ၌ ကျရောက်ခဲ့သည့် မြောက်ကိုရီးယားအသင်းသည် ယခုလဆန်းပိုင်းတွင် နုတ်ထွက်ကြောင်း အကြောင်းကြားခဲ့ရာ ယင်းအုပ်စုတွင် ဂျပန်နှင့် ကမ္ဘောဒီးယားအသင်းတို့သာ ကျန်ရှိတော့သဖြင့် အခြားအရှေ့ အာရှဇုန်မှ အသင်းတစ်သင်းဖြင့် အစားထိုးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ပြောင်းလဲရာ တွင် အရှေ့အာရှဇုန် အုပ်စုများ ဖြစ်သာ အုပ်စု (G၊ H၊ I၊ J) မှ တစ်သင်းဖြင့် အစားထိုးမည်ဖြစ် သော်လည်း အုပ်စုမဲခွဲရာတွင် ဆီဒင်(၁) သတ်မှတ်ခံရသည့် အသင်းနှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အသင်းများ မပါဝင်ဘဲ အုပ်စု (G) မှ တရုတ်နှင့် ဘရူနိုင်း၊ အုပ်စု (H) မှ တီမောနှင့် ဖိလစ်ပိုင်၊ အုပ်စု (I) မှ မြန်မာနှင့် ဟောင်ကောင်၊ အုပ်စု (J) မှ မလေးရှားနှင့် လာအိုတို့ရှစ်သင်းကို မဲနှိုက်ခဲ့ရာ ဟောင်ကောင်အသင်းနှင့် ကျရောက်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အုပ်စု (K) တွင် ဟောင်ကောင်၊ ဂျပန်၊ ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဟောင်ကောင်အသင်း ယခင်ကျရောက်ခဲ့သည့် အုပ်စု(I)တွင် ဗီယက်နမ်၊ မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်းတို့သာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### အုပ်စု ၁၁ ခုခွဲ

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစစ်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုမဲခွဲမှုအရ အနောက်အာရှဇုန် အုပ်စု (A) တွင် ဆီးရီးယား၊ ကာတာ၊ ယီမင်၊ သီရိလင်္ကာ၊ အုပ်စု (B) တွင် အီရန်၊ တာဂျစ်ကစ္စတန်၊ လက်ဘနွန်၊ နီပေါ၊ အုပ်စု (C) တွင် အီရတ်၊ ဘာရိန်း၊ အာဖဂန်နစ္စတန်၊ မော်လ်ဒိုက်၊ အုပ်စု(D) တွင် ဆော်ဒီအာရေဗျ၊ ဘင်္ဂလားဒေ့ရှ်၊ ကူဝိတ်၊ ဥဇဘက်ကစ္စတန်၊ အုပ်စု (E) တွင် ယူအေအီး၊ အိုမန်၊ အိန္ဒိယ၊ ကာဂျစ္စတန်၊ အုပ်စု (F) တွင် ဂျော်ဒန်၊ ပါလက်စတိုင်း၊ တာ့ခ်မင်နစ္စတန်၊ အရှေ့အာရှဇုန် အုပ်စု(G) တွင် ဩစတြေးလျ၊ တရုတ်၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ အုပ်စု (H) တွင် တောင်ကိုရီးယား၊ စင်ကာပူ၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု (I) တွင် ဗီယက်နမ်၊ မြန်မာ၊ တရုတ်(တိုင်ပေ)၊ အုပ်စု(J) တွင် ထိုင်း၊ မလေးရှား၊ လာအို၊ မွန်ဂိုလီးယား၊ အုပ်စု (K)တွင် ဟောင်ကောင်၊ ဂျပန်နှင့် ကမ္ဘောဒီးယား အသင်းတို့ ပါဝင်နေသည်။

### ၁၅ သင်းခြေစစ်ပွဲအောင်မည်

ခြေစစ်ပွဲကျင်းပမည့် ပုံစံအရ အုပ်စု ၁၁ ခုမှ ထိပ်ဆုံး ၁၁ သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-AFC**

## ပန်းတနော်မြို့နယ် ကျုံတိုင်းကြီးချောင်းအတွင်း ငါးကောင်ရေ ငါးသိန်း စိုက်ထည့်

**နေပြည်တော် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ငါးရိက္ခာ ပိုမိုစားသုံးနိုင်ရေးနှင့် မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေရရှိစေရေးနှင့် ငါးသယံဇာတများ ရေရှည် ထိန်းသိမ်းနိုင်ရေးတို့အတွက် သဘာဝရေပြင်၊ မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဆည်၊ တမံ၊ ကန်များအတွင်း ငါးသားပေါက်များ မျိုးစိုက်ထည့်လျက်ရှိရာ ယနေ့တွင် မအူပင်ခရိုင် ပန်းတနော်မြို့နယ် ကျုံတိုင်းကြီး ကျေးရွာအုပ်စု ကျုံတိုင်းကြီး ချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးအောင်၊ ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ပန်းတနော် ငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်သင်းပပထွန်း နှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ဒေသခံပြည်သူများ တက်ရောက် ပြီး ပန်းတနော် ငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သည့် နှစ်လက်မအရွယ် ငါးမြစ်ချင်းသား ပေါက်ကောင်ရေ သုံးသိန်းနှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ နှစ်သိန်း စုစုပေါင်း သားပေါက်ကောင်ရေ ငါးသိန်းကို မျိုးစိုက်ထည့်ကြောင်း သိရသည်။

**သတင်းစဉ်**






## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် သန်လျင်မြို့နယ် ငါးမျိုးများစိုက်ထည့်ပွဲ တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘော့ချောင်းအတွင်းသို့ အများပြည်သူများ ငါးရိက္ခာ ပိုမိုစားသုံးနိုင်စေရန်နှင့် သဘာဝမြစ်၊ ချောင်း၊ အင်းအိုင်များတွင် ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၁ ရက်က အဆိုပါ ဘော့ချောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်ကွပ်ကဲရေး အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့် ခရိုင်/ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူးများ၊ စခန်းတာဝန်ခံများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး လေးထောင့်ကန် ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းနှင့် လှော်ကား ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ သုံးသိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ခြောက်သိန်းကို ဘော့ချောင်းအတွင်းသို့ မျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကုတ်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကာလအတွင်း ကျေးလက်နေပြည်သူများ အဆင်ပြေစေရန် ကျေးရွာ မတည်ရန်ပုံငွေများ ထုတ်ချေး

**တောင်ကုတ် ဩဂုတ် ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုဗစ် -၁၉ ရောဂါကာလ အတွင်း ကျေးလက်နေ ပြည်သူများ၏ အခက်အခဲများကို တစ်ဖက် တစ်လမ်းက ဖြေရှင်းနိုင်ရေး အတွက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) မတည် ရန်ပုံငွေကို ကျေးရွာနေပြည်သူများသို့ ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါ ချေးငွေများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံး၌ ကျန်းမာရေး ဝန်ကြီးဌာန၏ ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီ ဩဂုတ် ၅ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိရာ ဂျီးဝကျေးရွာနှင့် မကျေးတောကျေးရွာရှိ ပြည်သူများသို့ ငွေကျပ် သိန်း ၃၀၀ စီ၊ အမော်ကျေးရွာ ပြည်သူများသို့ ငွေကျပ်သိန်း ၂၀၀ နှင့် မြို့တောင်ချေ ကျေးရွာ ပြည်သူများသို့ ငွေကျပ်သိန်း ၁၀၀ တို့ကို ထုတ်ချေးပေးနိုင်ကြောင်း သိရသည်။




ထို့သို့ ချေးငွေထုတ်ချေးရခြင်းနှင့်စပ်လျဉ်း၍ မြို့နယ် ဦးစီးမှူး ဒေါ်တင်တင်ကြည်က ကျေးလက်နေ ပြည်သူများ၏ အခက်အခဲများကို တစ်ဖက် တစ်လမ်းက ဖြေရှင်းနိုင်ရေး အတွက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) မတည်ရန်ပုံငွေကို ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်း ဖြင့် ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ပြောသည်။

**ကိုထွန်း**



## အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး သီပေါမြို့နယ်သို့ ကိုဗစ်- ၁၉ ကာကွယ်ရေးပစ္စည်းနှင့် အာဟာရလှူဒါန်း

**သီပေါ ဩဂုတ် ၁၁**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် စေတနာရှင် ပြည်သူများက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်းရှိ ကိုဗစ်- ၁၉ ရောဂါကုသရေးစင်တာများ၌ ဆေးကုသမှုခံယူလျက်ရှိကြသော ပြည်သူများအတွက် ပေးပို့လှူဒါန်းသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဓာတ်စာများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက နှုတ်ခွန်း ဆက်စကားပြောကြား၍ တိုင်းမှူးကိုယ်စား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး သက်ခိုင်က ပစ္စည်းများလှူဒါန်းရခြင်းပြောကြားပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၂၀၀၀၊ မျက်နှာအကာ ၂၀၀၊ အရက်ပြန် ပုံးကြီး တစ်ပုံး၊ ကလိုရင်းပုံးကြီး တစ်ပုံးနှင့် ဆန်အိတ် ၃၀၊ ဆီပိဿာ ၃၀ ၊ ခေါက်ဆွဲခြောက် နှစ်သေတ္တာ၊ ကြက်ဥအလုံး ၁၀၀၀ ကို ဗိုလ်မှူးကြီး သက်ခိုင်က ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ မျိုးအောင်တို့က လက်ခံယူကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၁**

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၀ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၉ စီး၊ သွင်းကုန် ၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၇၈၅ သန်း တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော M-150(1x50)(150 ml) (50 pkgs) နှင့် Lipovitan-D (100 ml) (1x50) (95 Pkgs) ကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ပိဋကတ်သုံးပုံ ဒါယကာကြီး ဦးအေးသိန်း(တရားလွှတ်တော်ရှေ့နေ) ဥပဒေအရာရှိ (ငြိမ်း)(ဇေယျ-၅၆/၆၀) မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးမြဟန်-ဒေါ်အေးရင်)တို့၏သား၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက်အမှတ်(၂၈/ဒီ-၂)နေ ဒေါ်မေရီထွန်း (ဒုအကခမှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်သန်းစိန်-မနန္ဒာထွန်း၊ မောင်ပြည့်ဖြိုးသိန်းတို့၏ချစ်လှစွာသောဖခင်၊ မစံရတီ၏ချစ်လှစွာသောအဘိုးဖြစ်သူ ဦးအေးသိန်းသည် ၁၀-၈-၂၀၂၁ရက် ညနေ ၆ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ (၇၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၁ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးတွင်ရှိသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**



သန်လျင်မြို့နယ် နာရေးကူညီမှုအသင်းမှ ဆောင်ရွက်လျက်ရှိသော အောက်ဆီဂျင်စက်ဖြစ်မြောက်ရေးအတွက် ဩဂုတ် ၁၁ ရက်က သန်လျင်မြို့ မြို့ဟောင်း အရှေ့ရပ်ကွက် မြို့ဟောင်းလမ်းနေ ဦးဆန်းမောင်-ဒေါ်ချိုချိုစန်း မိသားစုက အလှူငွေကျပ် သိန်း ၅၀ ကို အောက်ဆီဂျင်စက်တည်ဆောက်ရေးကော်မတီထံ ပေးအပ်လှူဒါန်းစဉ်။

သန်းဝင်း(သန်လျင်)

## မုံရွာခရိုင်အတွင်းမှ လျှော်ဖြူစိုက်တောင်သူများစုပေါင်းကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံ

မုံရွာ ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုးထုပ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဦးဆောင်၍ မုံရွာခရိုင်အတွင်းမှ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သည့်တောင်သူများ စုပေါင်းကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံခဲ့သည်။

"မုံရွာခရိုင်အတွင်းမှာရှိတဲ့ လျှော်ဖြူစိုက်တောင်သူတွေ စုစည်းပြီး ကိုဗစ်ရောဂါ ကာကွယ်ဆေးထိုးနှံခဲ့ကြတာပါ။ မုံရွာမြို့အပြင် ဘုတလင်မြို့ကလည်း ဆေးလာထိုးတယ်။ အရာတော်ကလည်း ဆေးလာထိုးတယ်။ ဆေးကိုတော့ မုံရွာမြို့ ပြည်သူ့အားကစားဝင်းကြီးထဲမှာ ထိုးပေးနေတာပါ။ လျှော်ဖြူသီးနှံဆိုတာကလည်း နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေတဲ့ သီးနှံတစ်ခုပဲလေ။ ကျွန်တော်တို့ကလည်း နိုင်ငံတော်ရဲ့ကုန်ထုတ်စွမ်းအားတစ်ခုပဲလေ။ တခြားအသင်းအဖွဲ့တွေလည်း အသင်းအဖွဲ့အမှန်တကယ်ဖြစ်ပြီး တကယ်လည်းထိုးနှံချင်တယ်ဆိုရင် အခုလို စုပေါင်းစာတင်တဲ့အခါ ဆေးထိုးခွင့်ကျလာမှာပါ။ ထိုးပြီးတော့လည်း စိတ်သက်သာရာရတာပေါ့"ဟု စစ်ကိုင်းတိုင်းဒေသကြီး လျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းက ပြောသည်။

သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနတို့ထံ စာတင်ပြပြီးနောက် ခွင့်ပြုမိန့်ကျလာသည့်အခါ စိတ်ပါဝင်စားသည့် တောင်သူများ ချိတ်ဆက်စုစည်း၍ သွားရောက်ထိုးနှံခြင်း ဖြစ်သည်။

"ကနဦးအနေနဲ့ တိုင်းအစိုးရရော၊ မြို့နယ်အုပ်ချုပ်ရေးကိုရော နှစ်နေရာစလုံးဆီကို သေချာစာတင်တယ်။ ခွင့်ပြုချက်ရမှ ထိုးနှံခဲ့တာပါ။ အသင်းသူ အသင်းသားတွေကိုတော့ အပြင်မှာမစုစည်းဘဲ ဖုန်းနဲ့ဆက်သွယ် စာရင်းကောက်ခံခဲ့ပါတယ်။ ပြီးတော့မှ အားကစားဝင်းမှာတွေ့ဆုံပြီး ကာကွယ်ဆေးထိုးကြတာပါ။ တချို့ကလည်း ဆေးထိုးရမှာ ကြောက်တယ်။ အဲဒီအတွက် တကယ်ထိုးချင်တဲ့လူတွေကိုပဲ စာရင်းပေးဖို့ ကြိုတင်အသိပေးခဲ့ပါတယ်။ အသင်းရဲ့အလုပ်အမှုဆောင်တွေနဲ့ လက်ရှိအသင်းမှာ တက်ကြွလှုပ်ရှားနေတဲ့တောင်သူတွေ ထိုးနှံခဲ့ကြပါတယ်။ ဆေးထိုးတဲ့အတွက် ကုန်ကျစရိတ် မပေးရပါဘူး။ အခမဲ့ ထိုးနှံပေးတာပါ"ဟု ဦးဇော်မင်းက ဆက်လက်ပြောသည်။

အဆိုပါ လျှော်ဖြူတောင်သူများ၏ စုပေါင်းကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို ဩဂုတ်လ ၈ ရက်က အကောင်အထည်ဖော်ခဲ့ပြီး လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူ စုစုပေါင်း ၃၀ ဝန်းကျင် ပါဝင်ထိုးနှံခဲ့ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇-၈-၂၀၂၁ရက် (အင်္ဂါနေ့) ညနေ၄:၀၀နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၄၉၁၇၀

## ပ-သုံးလုံးဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပ-သုံးလုံဆရာတော်-ဘဒ္ဒန္တဇောတိက သက်တော်(၈၃)နှစ် သိက္ခာတော်(၆၃)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ အိမ်တော်ရာကျောင်းတိုက်၊ ရွှေတည်ကျောင်းပဓာန နာယကဆရာတော်သည် ၁၁-၈-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၆:၁၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူပြီး ယင်းနေ့တွင်ပင် အဂ္ဂိစျာပန ကျင်းပပြီးဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ပ-သုံးလုံးဝိပဿနာပြန့်ပွားရေး
အဖွဲ့ချုပ်

## Air Cargo Terminal(Yangon) သို့ နေ့စဉ်ရောက်ရှိလာသော ကုန်ပစ္စည်းများ၏ Air Waybill Number များအား အသိပေးအကြောင်းကြားခြင်း

Air Cargo Terminal(Yangon) သို့ နေ့စဉ်ရောက်ရှိလာသော ကုန်ပစ္စည်းများ၏ Air Waybill Number(AWB No.) များအား ရောက်ရှိပြီး နောက်နေ့တွင် Air Cargo Terminal Yangon (Online Media Page) ဖြစ်သော (https://www.facebook.com/actyangoncargoservice/) တွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြား အပ်ပါသည်။

**Air Cargo Terminal(Yangon)**
**Yangon Aerodrome Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းသန်းညွန့်(ပေါက်မြို့)
အသက်(၇၂)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ နယ်မြေ(၁၁/က) နေ ဗိုလ်မှူးအောင်မြင့်(ငြိမ်း)၏ချစ်လှစွာသောဇနီး ဒေါ်သန်းသန်းညွန့်သည် (၇၆)ပါးသောရောဂါဖြင့် ၁၀-၈-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၁၀:၃၀နာရီတွင်ကွယ်လွန်ပြီး ယင်းနေ့ ၁၅:၃၀နာရီတွင် မြို့မသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း သိရပါသဖြင့် သူငယ်ချင်းနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၆၅) စည်သူမိသားစု**

## အများပြည်သူသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်အိမ်ရာ(ဇေကမ္ဘာဝင်း)၊ ခရေရိပ်သာလမ်း၊ အမှတ် (၁၂၆)နေ ဦးထွန်းထွန်း ၉/မရမ(နိုင်)၀၃၀၄၀၅နှင့် ဦးဝင်းဇော် ၁၂/ရကန(နိုင်)၀၂၅၅၃၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါ သည်။

ဦးထွန်းထွန်းနှင့် ဦးဝင်းဇော်တို့၏အစ်မဖြစ်သူ ဒေါက်တာဒေါ်နုနုခင်(ဘ)ဦးခင်မောင် ၁၂/ရကန(နိုင်)၀၂၄၈၅၀၊ ဒုတိယ ဗိုလ်မှူးကြီး(ငြိမ်း)သည် ၁-၈-၂၀၂၁ရက်တွင် (၇၆)ပါးဝေဒနာဖြင့် ကွယ်လွန်ခဲ့သဖြင့် အောက်တွင် အသေးစိတ်ဖော်ပြထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများသည် ကွယ်လွန်သူ၏ အမွေဆက်ခံသူများဖြစ်ကြသော ဦးထွန်းထွန်းနှင့် ဦးဝင်းဇော်တို့၏အမွေဆိုင်ပစ္စည်းများဖြစ်ကြောင်း ကြေညာအပ်ပါသည်။

- (က) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်အိမ်ရာ (ဇေကမ္ဘာဝင်း)၊ ခရေရိပ်သာလမ်း၊ အမှတ် (၁၂၆)တွင် တည်ရှိသော အလျား ၁၂၆ပxအနံ ၈၄ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်ခွဲသံကူကွန်ကရစ်တိုက် (၁)လုံး။
- (ခ) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဈေးရပ်ကွက်၊ တပ်နယ်မှူးရုံးဝင်းရှေ့ရှိ အလျားပေ ၃၀xအနံပေ ၄၀ ရှိ နှစ်ခန်းတွဲဆိုင်ခန်း (၁)ခန်း
- (ဂ) Honda Fit 2010M အမျိုးအစားမော်တော်ယာဉ်အမှတ်-1K/7036 (၁)စီး
- (ဃ) Toyota Alphard-V-6 အမျိုးအစားမော်တော်ယာဉ်အမှတ်-7D/1272 (၁)စီး
- (င) Toyota Fielder အမျိုးအစားမော်တော်ယာဉ်အမှတ်-7G/5391 (၁)စီး
- (စ) KBZ Bank (ကမာရွတ်ဘဏ်ခွဲ)ရှိ ငွေစုဘဏ်စာရင်းအမှတ်-02130102104226101 တွင် လက်ကျန်ငွေ (၁၀၃၇၄၈၅/၈၉၅/၄၉ါး)
- (ဆ) မြန်မာ့ရှေ့ဆောင်ဘဏ် (မရမ်းကုန်းဘဏ်ခွဲ)ရှိ ငွေစာရင်းအမှတ်-0740131074001735012 တွင် လက်ကျန်ငွေ(၉၆၈၈၅/ ၄၉ါး)

သို့ပါ၍ အဆိုပါ အမွေဆိုင်ပစ္စည်းများအား ဦးထွန်းထွန်းနှင့် ဦးဝင်းဇော်တို့မှအပ မည်သူမျှလက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းသုံးစွဲခြင်းမပြုရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်မာဦး (LL.B, D.I.L, D.I.P.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၉၈/၅-၁၂-၂၀၁၉)
အမှတ် (၅၈၉/ဈ)၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၉၇၅၇၉၈၄၅၈

## စာအုပ်စာပေ လှူ့မိတ်ဆွေ

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးသန်းဝင်း(ငြိမ်း)
### အသက်(၆၂)နှစ်

သူငယ်ချင်း ဗိုလ်မှူးသန်းဝင်း(ငြိမ်း)သည် ၁၁-၈-၂၀၂၂ ရက်တွင် မမျှော်လင့်ဘဲ ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၂)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

## ဦးမြင့်အောင်
### အသက်(၈၂)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်ဖွားကြွယ်)တို့၏သား၊ (ဒေါ်အုန်းမေ)၏ခင်ပွန်း၊ ဦးဝင်းစိုးအောင်(အင်ဂျင်နီယာမှူးကြီး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်အေးမြတ်မွန်၊ ဒေါ်အေးမိမိ (နတ်သမီးကြယ်ခရီးသွားကုမ္ပဏီ)၊ ဦးမြင့်ကျော်(ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်ခင်မိမိ၊ (ဦးအေးမင်း)တို့၏ဖခင်၊ မြေး(၉)ဦးတို့၏အဘိုး ဦးမြင့်အောင်သည် ၁၁-၈-၂၀၂၂ရက် နံနက် ၉:၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကာယကံရှင်၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်အောင်
### အသက်(၈၂)နှစ်

ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်နှင့် ဇနီး ဒေါ်ခင်မိမိတို့၏ဖခင် ဦးမြင့်အောင် အသက်(၈၂)နှစ်သည် ၁၁-၈-၂၀၂၂ရက် နံနက် ၉:၂၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့်ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး**

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိန်ဝင်း
### နတ်မောက်ကျောင်းသားဟောင်း
### သီတဂူသာသနာပြုအဖွဲ့(အောက်မြန်မာပြည်)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်လှ-ဒေါ်အေးကြင်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးသိန်းတင်-ဒေါ်မြ)တို့၏ သားသမက်၊ ဗိုလ်မှူးကြီးမြင့်သန်း(ဟိုတယ်-ခရီး-ငြိမ်း)-ဒေါ်ခင်ညိုတို့၏အစ်ကို၊ ကိုမောင်ဆန်း-မဝင်းဥမ္မာ၊ ကိုဝင်းဦး-မသဇင်တို့၏ ဖခင်၊ မြေး(၃) ယောက်၏ အဘိုး၊ (ဒေါ်စန်းစန်းမြင့်)၊ (ဒေါ်မြမြသန်း)တို့၏ ခင်ပွန်းသည် ၁၀-၈-၂၀၂၂ရက် ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၂ရက် နံနက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးလှ(ခ)ဆရာOng Yu Khoon
### Chirst Methodist
### အ.ထ.က(၂)ဗဟန်း(အထက်တန်းပြဆရာဟောင်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ (၂၅)လမ်း၊ အမှတ်(၆၃)နေ (ဦးတင်အေး-ဒေါ်စိန်)တို့၏သားကြီး၊ ဒေါ်မြင့်မြင့်(ခ) ဒေါ်လီလီမြင့်၏ခင်ပွန်း၊ ကိုအောင်ကျော်ဦး-မဝေမာစိုး၊ ဒေါက်တာရန်လင်း-ဒေါက်တာအေးအေးနှင်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ Daniel, Dalvin၊ အောင်သူရိန်ဦး တို့၏အဘိုး၊ ဒေါ်ခင်ဝင်းမြင့်၏မောင်၊ ဦးသန်းထိုက်၊ (ဦးရဲမြင့်)၊ ဒေါက်တာပြည်စိုး၊ ဒေါ်တင်တင်လှ၊ ဒေါက်တာသန်းသန်းဌေး၊ ဒေါက်တာငြိမ်းငြိမ်းလှ၊ ဒေါက်တာခင်စန်းတင့်၊ ဒေါ်ခင်စန်းမြင့် တို့၏အစ်ကိုကြီး၊ ဦးစိုးလှ (ခ)ဆရာOng Yu Khoonအသက်(၈၃)နှစ်သည် (၁၃၈၃)ခုနှစ် ဝါခေါင်လဆန်း ၃ရက်၊ ၁၀-၈-၂၀၂၂ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ရပ်ဝေးမိသားစုများနှင့်သူငယ်ချင်း မိတ်ဆွေများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ကိုဘုန်းမြင့်
### အသင်းဝင်အမှတ် -၅၁၆၃
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွကုန်းလမ်း၊ အမှတ်(၂၈)နေ ဦးကြီးညွန့်(ဒုတိယဥက္ကဋ္ဌ၊ ပုလောမြို့ နယ်အသင်း-ရန်ကုန်)-ဒေါ်အုန်းပိုတို့၏ သားသမက်၊ မဇာနွယ်လှိုင်၏ ခင်ပွန်းသည် ၁၀-၈-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုဘုန်းမြင့်
### အသက် (၄၈)နှစ်

ဦးကြီးညွန့်(ဒုတိယဥက္ကဋ္ဌ၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)-ဒေါ်အုန်းပို (ငွေဆင်ရိုင်းဖိနပ်ဖြန့်ဖြူးရေး)တို့၏ သားသမက်၊ မဇာနွယ်လှိုင်၏ ချစ်လှစွာသောခင်ပွန်း ကိုဘုန်းမြင့်သည် ၁၀-၈-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဘမြင့်(ဦးဆောင်နာယက)-ဒေါ်ဝင်းကြည် မိသားစု**
**ဦးမောင်လှ(ဥက္ကဋ္ဌ)-ဒေါ်ရှုလှိုင် မိသားစု**
**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဓမ္မိက(သာသနဓဇဓမ္မာစရိယ)
## သက်တော် (၉၀)၊ သိက္ခာတော်(၇၀)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ကျွန်းကလေးကျောင်း၏ ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဓမ္မိက သက်တော်(၉၀) သိက္ခာတော်(၇၀)ဝါသည် ၁၃၈၃ ခုနှစ် ဝါခေါင်လဆန်း ၃ရက်၊ ၁၀-၈-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ ၃:၃၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရွှေလှေချောင်းအုပ်စု၊ တမွတ်ကျေးရွာ၊ တမွတ်မဏ္ဍာရုံကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်နီး ရပ်ဝေးမှ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

**တပည့်ဒါယကာ ဒါယိကာမများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီး(ဟောင်း)စန်းပွင့် အသက်(၇၁)နှစ်သည် ၂၀၂၂ ခုနှစ် ဩဂုတ် ၇ရက် (စနေနေ့) နံနက် ၁:၀၆နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(ဒူဝါဦးခေါင်ဂျေ)-ဆရာမကြီးဒေါ်နန်ဆိုင်း**
**မိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## Capt-ဦးကျော်ဟန်
### CDC-119944
### 1978၊ ဘူမိဗေဒ(RASU)ကျောင်းသားဟောင်း
### St.Paul's ကျောင်းသားဟောင်း
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးဖေတင်-(ဒေါ်အေးမြင့်)တို့၏သားကြီး၊ (ဦးထွန်းမင်း-ဒေါ်ခင်သန်း)တို့၏သားသမက်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ ကောက်သွယ်လမ်း၊ အမှတ် ၇၁ နေ ဒေါ်ဟေမာဝင်း၏ ခင်ပွန်း၊ မစန္ဒာစိုး(ခ)မဇင်ဇင်ဟန်(ခေတ္တ- စင်ကာပူ)၊ ကိုနိုင်လင်းထက်-မထက်ထက်ဟန်၊ ကိုမောင်မောင်အောင်-မမြသီတာဟန်၊ ဒေါက်တာအောင်ကျော်ဆန်း(ခေတ္တ-UK)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ရှင်းသန့်မောင်၊ မောင်ဉာဏ်သုတ၊ မောင်နေဘုန်းထက်တို့၏ ချစ်လှစွာသော အဘိုးဖြစ်သူသည် ၉-၈-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၇:၃၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်ဆွေအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကိုဘုန်းမြင့်
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွကုန်းလမ်း၊ အမှတ်(၂၈)နေ ဦးသန်းရွှေ-ဒေါ်အေးယဉ်တို့၏သားငယ်၊ ဦးကြီးညွန့်-ဒေါ်အုန်းပိုတို့၏သားသမက်၊ ကိုလှိုင်သူရ-မဇင်မာလှိုင်၊ ကိုစိုးမြင့်-မစန်းစန်းမော်၊ ကိုစိုးတင့်-မမေစုလှိုင်တို့၏ ညီမောင်၊ ကိုလှိုင်မြင့်ဇော်-နန်းကေခိုင်ငြိမ်း၊ ကိုမျိုးကျော်သူ-မယဉ်ဆွေခိုင်တို့၏အစ်ကို၊ မဇာနွယ်လှိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဘုန်းဝေခန့်၊ မောင်ဘုန်းဇေမြတ်တို့၏ ချစ်လှစွာသောဖခင်ကြီး ကိုဘုန်းမြင့်သည် ၁၀-၈-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၂ရက်(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စီစီလှိုင်(ခ)မေဘယ်လ်တင်လှိုင်
### B.Sc(Zoology)၁၉၇၈ ခုနှစ်
### အလယ်တန်းပြဆရာမ(ငြိမ်း)
### အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ(ဦးတင်လှိုင်-ဒေါ်ဒေါ်ရသီ)တို့၏သမီးလတ်၊ (ဦးသာဇံအောင်-ဒေါ်ကြည်ကြည်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ ခပေါင်းကွန်ဒို၊ အခန်း(၂/ဘီ)နေ ဦးအောင်ကြည်ဦး (မန်နေဂျင်း ဒါရိုက်တာ၊ မြန်မာလီဝေဝေ စားသောက်ကုန်လုပ်ငန်း လီမိတက်)၏ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးကျော်သူရ-ဒေါ်ခိုင်ခိုင်ကြည်ဦးတို့၏ ကျေးဇူးရှင် မွေးသမိခင်၊ ယွန်းနဒီလှိုင်(ခ)Pinky၏ ချစ်လှစွာသော မေမေကြီးသည် ၇-၈-၂၀၂၂ရက် ည ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၂ရက် နံနက် ၁၀:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ကျေးဇူးတော်ရှင်
### ပ-သုံးလုံးဆရာတော်ကြီး ဘဒ္ဒန္တဇောတိက
### သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၃)ဝါ

ပ-သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် တည်ထောင်ပြီးချိန်မှစ၍ ယနေ့မျက်မှောက်ကာလတိုင် ရဟန်းရှင်လူ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ပါဠိတော်အဋ္ဌကထာ ဝိပဿနာတရားတော်တို့ကို ဟောပြောသင်ကြားပို့ချပေးတော်မူသော နှစ်စဉ်ဝါတွင်းကာလ ရဟန်းတော်များ ဝိပဿနာ တရားသင်တန်း ဒီဇင်ဘာ/ဇန်နဝါရီလတို့၌ နေ့စဉ်ရဟန်းတော်များ ဝိပဿနာပညာဆရာဖြစ် (၁)လသင်တန်းတို့ကို သင်ကြားပို့ချဟောပြောပြသတော်မူသော ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ပဓာနနာယက ဆရာတော်ကြီး ဖြစ်တော်မူသော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာကျောင်းတိုက် ရွှေတည်ကျောင်းပဓာန နာယကဆရာတော် သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါရှိ ဘဒ္ဒန္တဇောတိက(သာသနဓဇဓမ္မာစရိယ)(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) မဟာထေရ်ဆရာတော်ကြီးသည် ၁၃၈၃ ခုနှစ် ဝါခေါင်လဆန်း ၄ရက်၊ ၁၁-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ယင်းနေ့တွင်ပင် အဂ္ဂိဈာပန ကျင်းပပူဇော်ပြီးဖြစ်ပါကြောင်း တပည့် ဒါယကာ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ပ-သုံးလုံးဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်**

## တစ်လပြည့်ကုသိုလ်သာဓုခေါ်ဆိုနိုင်ပါစေ
## ဒေါ်ခင်မေရီ
### အသက်(၇၄)နှစ်
### အလက တိုက်ကြီးကုန်း(ပုသိမ်မြို့)၊ အထက(၂)မော်ဘီ၊
### အထက(၄)ပုဇွန်တောင်၊ အထက(သုဝဏ္ဏ)၊ အလက တမံကြီး၊
### အလက(၁)သာကေတ

(ဗိုလ်ကြီး အောင်ထွန်း-ဒေါ်ခင်ဦး)တို့၏ သမီးကြီး ဒေါ်ခင်မေရီ(ကန်တော့ခံဆရာမ)သည် ၁၂-၇-၂၀၂၂ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့ပြီး ယခု ၁၂-၈-၂၀၂၂ရက် တစ်လပြည့်ရက်၌ ပြုလုပ်သည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေရန်။

**(မမမေရီရေ အမျှ အမျှ အမျှ ပေးဝေပါတယ်)** **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်မေရီခင်(ခ)ဒေါ်စန်းစန်းဝင်း
### (ဒါရိုက်တာ-ရှုဝံ့ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ်(၁၉)၊ အခန်း(၄၆/၄၇)နေ (ဦးကျော်မင်း-ဒေါ်အေးတင်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးဆောင်းငါး-ဒေါ်ကျင်မှီ)တို့၏သမီးချွေးမ၊ ဦးထွန်းမြင့်(မန်နေဂျင်းဒါရိုက်တာ၊ ရှုဝံ့ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသောဇနီး ဒေါ်နန်းခမ်းဖောင်း၊ ဒေါ်အိအိဖြူ၊ ဦးနေဦးကျော်-ဒေါ်နန်းပုန်းညက်ဖြူ၊ ဦးသက်အောင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ ဖေ့လူ၊ ခွန်းဟို၊ မမေဖြိုးကျော်၊ မော်အောင်ဇော်ပိုင်၊ မောင်ဟိန်းထက်အောင်တို့၏ ချစ်လှစွာသောအဘွား ဒေါ်မေရီခင်(ခ)ဒေါ်စန်းစန်းဝင်းသည် ၁၀-၈-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၄၅နာရီတွင် တစ်ဘဝတစ်ခန္ဓာချုပ်ငြိမ်း၍ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါသဖြင့် ၁၁-၈-၂၀၂၂ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရာ၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းသန်းညွန့်(ပေါက်မြို့)
### အသက်(၇၂)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ နယ်မြေ(၁၁/က) နေ ဗိုလ်မှူးအောင်မြင့်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ မောင်မြင့်ဇော်သန်း၊ (မောင်မြင့်ကျော်ဆန်း) တို့၏ချစ်လှစွာသော မိခင်ကြီးဒေါ်သန်းသန်းညွန့်သည် (၉၆)ပါးသောရောဂါဖြင့် ၁၀-၈-၂၀၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၀:၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ၁၅:၃၀နာရီတွင် မြို့မ သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုဘုန်းမြင့်
### အသက် (၄၈)နှစ်

ဦးကြီးညွန့်(ဒုတိယဥက္ကဋ္ဌ၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)-ဒေါ်အုန်းပို (ငွေဆင်ရိုင်းဖိနပ်ဖြန့်ဖြူးရေး)တို့၏ သားသမက်၊ မဇာနွယ်လှိုင်၏ ချစ်လှစွာသောခင်ပွန်း ကိုဘုန်းမြင့်သည် ၁၀-၈-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအင်ဝင်း(အမှုဆောင်)-ဒေါ်ခင်အုန်းကြည် မိသားစု**
**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

# ဩဂုတ် ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၇၃၉ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၂၁၈ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၂၄၅၂ ဦးရှိ

**(၁၁-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၀-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၇၆၇) ခု အားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃,၇၃၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၉၈,၀၀၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၄၁,၃၀၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၃၅၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၅၆,၆၇၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၁၈) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၂,၄၅၂) ဦး ရှိပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ *

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည် တင်သွင်းလာသည့် မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ပိတ်ရက်မရှိဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ငန်းရှင်များ လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ဖြေလျော့မှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆက်စပ်ဌာနများနှင့် ညှိနှိုင်းထားသည့် SOP နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပြည်သူများ အရေးပေါ်လိုအပ်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများအား တင်သွင်းမှုကို အများပြည်သူရုံးပိတ်ရက်များတွင်လည်း ရပ်ဆိုင်းထားခြင်းမရှိပဲ ပုံမှန်အတိုင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ Oxygen Concentrator ၂၅၃၂ ခု၊ Test Kit ၇၂၂၆ ခုနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ ✪

# ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့် တန်းတက်ဘရန့်ဖို့ဒ်နှင့် အာဆင်နယ်ကစားမည်

၂၀၂၁-၂၂ ရာသီ ပရီမီယာလိဂ်ပွဲစဉ်များ ပြန်လည်စတင်ကစားတော့မည်ဖြစ်ရာ ဩဂုတ် ၁၄ ရက် နံနက် ၁ နာရီခွဲတွင် ပွဲစဉ် (၁) အဖြစ် တန်းတက်ဘရန့်ဖို့ဒ်အသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်ကို ဘရန့်ဖို့ဒ် အိမ်ကွင်း၌ စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းသည် ရာသီအကြိုပြင်ဆင်မှုအနေဖြင့် ပွဲစဉ် ငါးပွဲ ယှဉ်ပြိုင်ကစားထားရာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်ကို တွေ့ရသည်။ အဆိုပါပွဲစဉ်များတွင် မန်ယူအသင်းကို တစ်ဖက် နှစ်ဂိုးစီ သရေကျအောင် ကစားထားနိုင်ပြီး ဗလင်စီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်

စာမျက်နှာ ၁၀ ကော်လံ ၁ ■

## ယနေ့ သတင်းအညွှန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခြောက်လတာ ခရီးမှတ်တိုင်
ဆောင်းပါး (စာ - ၆)

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေး အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် အမေရိကန်
နိုင်ငံတကာရေးရာ (စာ - ၁၄)

ကိုဗစ်-၁၉ ရောဂါ ကုသမှုဌာနများတွင် စနစ်တကျ လိုက်နာကုသမှုခံယူခြင်းဖြင့် ကျန်းမာစွာ ပြန်လည်ဆုံတွေ့ကြပါစို့
ဆောင်းပါး (စာ - ၂၀)